



http://myanmarpyithar.net

http://myanmarpyithar.net

# အီကြာကွေး

၁၉၃၈ခုနှစ်တွင်ခနုဖြူမြို့မင်းပိုင်းရပ်၌မွေးဖွားသည်။အဖဦးမောင်နှစ်၊ အမိ ဒေါ်သွန်မေတို့၏ တစ်ဦးတည်းသောသား ဖြစ်သည်။ အမည်ရင်းမှာ ကိုကျော်ထွန်းဖြစ်၍မူလက ကလောင်အမည်(ခနုဖြူ)ကျော်ထွန်းဖြစ်သည်။၁၉၅၄ခုနှစ်ဇန်နဝါရီလတွင်စာ,စရေးသည်၍ယနေ့အထိစဉ်ဆက်မပြတ်ရေးလာရာစာရေးသက်အနှစ်ငါးဆယ်ရှိခဲ့ပြီဖြစ်သည်။၁၉၅၇ခုနှစ်တွင်(အီကြာကွေး)ကလောင်အမည်ကိုထပ်ပွားသည်။

ခနုဖြူ အစိုးရအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်းအထိပညာသင်ကြားခဲ့သည်။၁၉၅၃၊၁၉၅၄ခုနှစ်တွင်စာပေဝါသနာရှင်များအသင်း(ခနုဖြူ)၏စာပေတာဝန်မှူးနှင့် စာကြည့်တိုက်မှူး တာဝန်ယူ၍ မှန်တိုင်း စာစောင် အမှတ် (၁) နှင့်အမှတ်(၂)တို့ကိုထုတ်ဝေခဲ့သည်။၁၉၅၇ခုနှစ်တွင်ခနုဖြူကဗျာဆရာအသင်းကိုတိုးချဲ့ဖွင့်စည်းပြီးဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည်။၁၉၅၈ခုနှစ်တွင်ပြည်သူ့လူငယ်အဖွဲ့(ခနုဖြူ)တွင် ဥက္ကဋ္ဌနှင့် ကမ္ဘာ့ ငြိမ်းချမ်းရေး ကွန်ဂရက် (ခနုဖြူ)တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ရန်ကုန်မှ စာရေးဆရာကြီးများအား ဖိတ်ကြား၍စာဆိုတော်နေ့ စာပေဟောပြောပွဲကို စတင် ကျင်းပပေးခဲ့သည်။ ခနုဖြူတွင် စာပေဟောပြောပွဲကိုမျိုးစေ့ချပေးခဲ့ခြင်းဖြစ်သည်။

၁၉၆၉ ခုနှစ်တွင် တောင်ဥက္ကလာ ကဗျာ့ကလာပ်စည်း၏ ဥက္ကဋ္ဌ အဖြစ်တာဝန်ယူ၍ ပစ္စက္ခ ကဗျာများနှင့် ပွဲတင်သံ ကဗျာများ စုပေါင်း ကဗျာစာအုပ် နှစ်အုပ်ထုတ်ခဲ့သည်။ အီကြာကွေး အမည်ဖြင့် ရေးခဲ့သော (နောင်တစ်ခါ မေးရင်  ဖြေလိုက်မယ်)ဝတ္ထုတိုကိုရုရှဘာသာသို့ပြန်ဆိုခြင်းခံခဲ့ရသည်။

(ခနုဖြူ)ကျော်ထွန်းအမည်ဖြင့်ကဗျာ(၁၂၀၀)ကျော်၊ဝတ္ထုတို(၈၀)ကျော်။မဂ္ဂဇင်းဝတ္ထုရှည်(၃)ပုဒ်နှင့်ပီမိုးနင်း၏ဝတ္ထုတိုအတတ်ပညာစာပေကျမ်း(၁)ကျမ်းကိုပြုစုခဲ့သည်။ လက်သင်စ ကဗျာရှင်များအတွက် လမ်းညွှန်နည်းပြ မဂ္ဂဇင်းတွင် (ကဗျာ့ပွဲခင်းသာ) ကဏ္ဍကို နှစ်ပေါင်း  သုံးဆယ်ကျော် လစဉ်မပျက် တာဝန်ယူ ရေးသားခဲ့သည်။ ယခုအခါ သောကြာစာစောင်တွင် (ကဗျာ့ပွဲခင်းသာ) ကဏ္ဍကို ဆက်လက်ရေးသားခဲ့ရာ သုံးနှစ်သက်တမ်း ရှိခဲ့ပြီး ဖြစ်၏။ အီကြာကွေး အမည်ဖြင့် လုံးချင်းအုပ်(၂၀)ရေးသားခဲ့ပြီး၍သောကြာစာစောင်တွင်အယ်ဒီတာချုပ်အဖြစ်တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ထုတ်ဝေခဲ့ပြီးစာအုပ်များ

၁။ ပန်းဝတ်ရည် * ကလေးတို့တတ်ကြဖို့ ကမှအ ကိုရေးကြစို့
၂။ ပန်းဝတ်ရည် * ကလေးတို့တတ်ကြဖို့ AမှZ ကိုရေးကြစို့
၃။ အီကြာကွေး * ရုံအပြင်ကထွက်ကြည့်ပါ
၄။ သုမောင် * နံနက်စာ
၅။ ကိုပိုက် * ကြုံဆုံခဲ့ရမှုဆိုးဘဝ
၆။ အီကြာကွေး * ရယ်စရာပေးရှင်း (၁)
၇။ အဏ္ဏဝါစိုးမိုး * ခရီးဆောင်ဟာသများ
၈။ ချစ်နိုင်(စိတ်ပညာ) * သန့်ရှင်းသောစိတ်
၉။ မင်းလူ * သူ့ဆံပင်နှင်းဆီပွင့်တွေနဲ့
၁၀။ သုမောင် * အရက်သမားအမှားတစ်ခါ
၁၁။ သစ္စာနီ * စကားလုံးများနှင့်ဆော့ကစားခြင်း
၁၂။ အီကြာကွေး * တွေ့ရကြုံရ ရှုတတလေးတွေ
၁၃။ ကိုပိုက် * ၂၀၀၁ မုဆိုးများ
၁၄။ အီကြာကွေး * မျက်စိအောက်ကဇရာ
၁၅။ ဆွေမင်း(ခနေဖြူ) * ဘဝတစ်ခုအမှတ်တရ
၁၆။ အီကြာကွေး * ရယ်စရာပေးရှင်း (၂)
၁၇။ ကျော်မင်းနိုင် * လျှို့ဝှက်ဆန်းကြယ် ဝတ္ထုများ
၁၈။ ကိုပိုက် * သေမင်းတမန်မုဆိုး
၁၉။ ကိုပိုက် * စိတ်ကြိုက်မုဆိုး
၂၀။ ကိုပိုက် * အင်ကြင်းဝက်ပါ

# ယခုလ

အီကြာကွေး * နတ်ရူးတို့ကြောင်နိုင်ပေ

# ဆက်လက်၍

- အီကြာကွေး * ငယ်မူငယ်သွေး (ကလေးလိမ္မာရေးစာစုများ)
- မင်းလူ * လွှန်လေပြီးသောနှလုံးသား

စာအုပ် ၂၁

# အီကြာကွေး

## နတ်ရှုးတို့ကြောင်နိုင်ပေ

တွတ်ပီစာအုပ်တိုက်

အမှတ်(၄/က)၊အဝေရာလမ်း
ဘောက်ထော်၊ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့။

☎ – ၀၁–၇၀၁၉၅၈၊ ၀၉–၅၀၀၂၄၆၂

http://myanmarpyithar.net

စာမူခွင့်ပြုချက်အမှတ် [ ၅၀၃/၂၀၀၃(၄) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၈၅၀/၂၀၀၃(၇) ]

◆

**မျက်နှာဖုံးသရုပ်ဖော်**
ကာတွန်းပိုးဇာ

◆

**ပုံနှိပ်ခြင်း**
ပထမအကြိမ်

◆

**ထုတ်ဝေသည့်လ**
နိုဝင်ဘာလ၊ ၂၀၀၃ခုနှစ်

◆

**အုပ်ရေ**
(၅၀၀)

◆

**အတွင်းဖလင်**
တွတ်ပီ

◆

**ထုတ်ဝေသူ**
ဦးမောင်ကလေး၊ သောကြာစာပေ(၀၀၆၅)
အမှတ်(၁၅)၊ဩဘာလမ်း၊ကျောက်မြောင်း၊ရန်ကုန်မြို့။

◆

**မျက်နှာဖုံးနှင့်အတွင်းသားပုံနှိပ်သူ**
ဦးခင်မောင်မြင့်၊တွတ်ပီရောင်စုံပုံနှိပ်တိုက်(၀၆၇၀၂)
အမှတ်(၄/က)အဝေရာလမ်း၊ဘောက်ထော်၊
ရန်ကင်း၊ရန်ကုန်မြို့။

◆

**စာအုပ်ချုပ်**
ကိုတင်အေး(လှိုင်)

◆

**တစ်အုပ်**
၄၀၀ ကျပ်

http://myanmarpyithar.net

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နတ်ရှူးတို့ကြောင်နိုင်ပေ(၁) | ၉ |
| ၂။ | နတ်ရှူးတို့ကြောင်နိုင်ပေ(၂) | ၁၅ |
| ၃။ | နတ်ရှူးတို့ကြောင်နိုင်ပေ(၃) | ၂၁ |
| ၄။ | နတ်ရှူးတို့ကြောင်နိုင်ပေ(၄) | ၂၆ |
| ၅။ | နတ်ရှူးတို့ကြောင်နိုင်ပေ(၅) | ၃၂ |
| ၆။ | နတ်ရှူးတို့ကြောင်နိုင်ပေ(၆) | ၃၈ |
| ၇။ | နတ်ရှူးတို့ကြောင်နိုင်ပေ(၇) | ၄၄ |
| ၈။ | နတ်ရှူးတို့ကြောင်နိုင်ပေ(၈) | ၅၀ |
| ၉။ | နတ်ရှူးတို့ကြောင်နိုင်ပေ(၉) | ၅၆ |
| ၁၀။ | နတ်ရှူးတို့နိဂုံး | ၆၁ |
| ၁၁။ | ကန္တာရစီး ဥက္ကလာတုတ်စာနှင့် အင်တာဗျူး | ၆၇ |
| ၁၂။ | အယူလွဲတဲ့ ငရဲမိစ္ဆာ | ၇၃ |
| ၁၃။ | အလကားကွေး | ၇၉ |
| ၁၄။ | လက်ဖက်ခြောက်လေး ခပ်ပေးလိုက်တယ် | ၈၅ |

## နတ်ရှူးတို့ကြောင်နိုင်ပေ(၁)

မိုးတွင်းကြီးဖြစ်လင့်ကစား ဟိုနားဒီနား ပြောက်တိပြောက်ကြား ပူးနောင်ချုပ်ခြိမ်း နောင်းချုပ်ခြိမ်း ဆိုင်းသံဖြင့် နတ်က, နေသည်ကို မြင်ရသည်။

မိုးတွေက တအုန်းအုန်းရွာ ဆိုင်းက တခြိမ့်ခြိမ့်တီး နတ် က မနားတမ်းက, ကြည့်တဲ့လူတွေက မိုးစိုခံ၊ မိုးပက်ခံပြီး ထီးဆောင်းကြည့်. . . အလုပ်ကြီးအကိုင်ကြီးတွေ ဆိုတာ သူတို့မှ အစစ်။

'နတ်က,ရာ ကြည့်မောဲ'ဟု ရှေးလူကြီးများ စကားစမည် ရှိသည်။ ဘာမဟုတ်ညာမဟုတ် နတ်ဝင်သည်တွေ မူးရူးခုန်ပေါက် က,နေသည်ကို အလုပ်ပျက်ခံ အချိန်ကုန်ခံ၍ သွားကြည့်သူက ရှိသေးသည်။

'နတ်ရူးဘုံမြှောက်' ဟုလည်း စကားရှိပြန်သည်။

၃၇မင်း နတ်များမှာ ဘာဘုံမှ မရှိ။ ဘုံမပြောနှင့် လေးတိုင်စင်တောင် မရှိ။ သူတို့ကို ကိုးကွယ်သူတွေ ဆောက်ပေးမှ စင်နှင့်နေရသည်။ နတ်ရူးဘုံ မြှောက်စကားထက် 'နတ်ရူးဗုံမြှောက်' စကားကို ဂုရုကွေး ပိုသဘောကျသည်။

ပူးနောင်ချုပ်ခြိမ်း နောင်းချုပ်ခြိမ်းဟု ဆိုင်းသမားက ဗုံနှင့် မြှောက်ပေးလိုက်လျှင် နတ်ဝင်သူက အရူးပမာ ခုန်ပေါက်မြှောက် ကြွကာ ကွေးနေအောင် က,သည် မဟုတ်ပါလော. . .။ ဒါကို ခေါင်းဖြူစွယ်ကျိုးတွေက လက်အုပ်ချီမိုး ရှိခိုးကာ (ကျွန်တော်မျိုးမ အမိုက်အမဲလေးတွေကို ခွင့်လွှတ်ပါ) တဲ့။

အမိုက်အမဲလေးတွေမဟုတ် အမိုက်အမဲကြီးတွေဖြစ်သည်။ သူတို့အရွယ် မှာ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ရမည်။ ဘာမဟုတ်သည့် နတ်တွေကို သွား ကိုးကွယ်နေခြင်းမှာ မိုက်မဲခြင်းဖြစ်သည်။ ထိုအမိုက်အမဲကြီးများကား ငယ်ရွယ်စဉ်ကစ၍ ယခုအရွယ်အထိ အစဉ်တစိုက် ရူးလာသော နတ်ရူးများသာ ဖြစ်ပေသည်။

ညက အိပ်မက်ထဲမှာ ကိုယ်တော်ကြီးက ချဲ နံပါတ်ပေး သွားသည်။

နတ်က နတ်လိုမနေ အိပ်မက်ထဲမှာ ချဲနံပါတ်တွေ ဘာတွေ ပေးသည်တဲ့။ တော်ကြာ နတ်ချိုင်းဆိုပြီး ချိုင်းစာရွက်များ ထုတ်ဦးမလား မသိ။ အိပ်မက်သော နတ်ရူး

များက တစ်ဆင့် ကိုယ်တော်ကြီးပေးသော ခဲ့နံပါတ်ကို နတ်ရူးချင်း တိုးတိုးတိတ် တိတ် သတင်းဖြန့်သည်။ ရှိစုမဲ့စု ပုံအောထိုးကြသည်။ ဟိုကဒီက ချေးငှား၍ ထိုးကြသည်။ ပေါင်နှံ၍ ထိုးကြသည်။

"ဟိုက် ရှာလပတ်ရည် သွားပြီ သွားပြီ။ ခဲ့ထွက်တော့ ကိုယ်တော်ကြီး ဂဏန်းသုံးလုံးက တစ်လုံးမှ မပါ။ အခြားဂဏန်း သုံးလုံးက တစ်လုံးမှ မပါ။ အခြားဂဏန်းတွေ ထွက်သွားသည်။ နတ်ရူးတွေ ဘဝပျက်မတတ် သွက်သွက်လည်သွားသည်။ ဂဏန်း အမှားပေးသော ကိုယ်တော်ကြီးကို သွားဆဲမလား၊ ပါးသွား ရိုက်မလား နတ်ရူးတွေ ဘာမှ မလုပ်ရဲ။ ငယ်ကြောက်မို့ ငြိမ်ခံနေလိုက်ရသည်။

တစ်လောလေးက ဂျာနယ်တစ်စောင်တွင် နတ်နှင့် လက် ထပ်သော တကယ့်ဖြစ်ရပ်မှန် သတင်းတိုတစ်ပုဒ် ဖတ်လိုက်ရသည်။

အထက်မြန်မာပြည် မြို့ကြီးတစ်မြို့မှ နတ် ကိုးကွယ်သူ တစ်ယောက်သည် နတ်ကန္နားပွဲပေးသည်။ စီးပွား တိုးတက်ရန် နတ်မ,ရန် ရည်ရွယ်သည်။ ထိုနတ်ပွဲတွင် ဦးမင်းကျော် ဝင်သော နတ်ကတော်က ထုံးစံအတိုင်း အရက်တွေသောက် က,သည်။

အရက်က အလွန်ပြင်းသော အရက်ပြင်းတွေ ဖြစ်နေသည်။ ခါတိုင်း သူသောက်နေကျ အရက်ချို အရက်ပျော့မဟုတ်။ နတ်ကတော်မှာ သောက်လိုက် က,လိုက်၊

http://myanmarpyitthar.net
တွတ်ပီစာအုပ်တိုက်

က,လိုက် သောက်လိုက်ဖြင့် အရက်မူးကာ ဗုန်းဗုန်း လဲသွားသည်။

"ထ,ပါဦး ကိုကြီးကျော်"

"ထ,လို့မရတော့ဘူး၊ ငါ သိပ်မူးနေပြီ"

နောက်ဆုံးတော့ ထိုနတ်ကတော်ကို စောင်ပုခက်ဆင်၍ ရှေ့နောက် ထမ်းကာ အိမ်ပြန်ပို့ရသည်။

ပုခက်အထမ်းဖြင့် ကြွမြန်းလာသော နတ်ကတော်ကို ကြည့်ကာ. . .

"နတ်မ,မလားလို့ နတ်က,ပါတယ်၊ နတ်က မ,မဘဲ နတ်ကို လူက ပြန် မ,လာရပါကလား. . . ဝါးဟားဟား. . ."

တစ်လမ်းလုံး တွေ့တွေ့သမျှသော လူများက ဝိုင်းဟား ကြသောဟူ၏။ အမှန်မှာ ပုခက်ဖြင့် ပြန်ပို့ဖို့တောင် မကောင်း ဆိုက်ကားငှားကာ တင်ပေးလိုက်ဖို့ ကောင်းသည်။ မူးမူးရူးရူးဖြင့် အိမ် ပြန်မရောက်ဘဲ မြောင်းထဲကျလည်း နတ်ထိုက်နှင့် နတ်ကံ။ အိမ်သာတွင်းထဲ ကျလည်း နတ်ထိုက်နှင့် နတ်ကံပင်။

မကြာသေးမီက ဂျာနယ်တစ်စောင်တွင် နတ်နှင့်ပတ်သက်သော သတင်းတစ်ပုဒ် ဖတ်ရပြန်သည်။ ထိုသတင်းက နည်းနည်း ရှည်သည်။ ကာယကံရှင်များ၏ နာမည်များကို ပြောင်းလဲထားသည်။

ဝန်ထမ်းမိသားစုတစ်စု လင်က ဝန်ထမ်း၊ မိန်းမ

နှင့် ယောက္ခမက မှီခို၊ မိန်းမနှင့် ယောက္ခမက နတ်ကို အကြီးအကျယ် ယုံသည်။ တစ်လထက်တစ်လ ပိုပို ကျပ်လာ၍ လင်က အိမ်သုံးစာရင်းကို တောင်းကြည့်သည်။

ဤတွင် လူစရိတ်ထက် နတ်စရိတ်က ပိုများနေကြောင်း တွေ့ရသည်။ နတ်ကို ပန်းဆက်ရခြင်း၊ စားစရာမျိုးစုံ တင်မြှောက်ရခြင်း၊ ရေစင်ဖိုး ဆက်ရခြင်း၊ အရက်ဆက်ရခြင်း၊ နတ်ကတော် ကို ပေးကျွေးရခြင်းစသည်ဖြင့် နတ်စရိတ်တွေက အသုံးများနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

"အိမ်မှာ မကျပ်သင့်ဘဲ ကျပ်နေတာ နင်တို့နတ်ကြောင့် ကိုး. . ."

လင်က ပြောပြော ဆင်းဆင်း အိမ်ပေါ်က အဆင်းတွင် ခလုတ်တိုက်မိသည်။ ခြေထောက် နာသွားသည်။ ဤတွင် ယောက္ခမ မိန်းမကြီးက အကွက်ပေါ်ပြီ ထင်၍ နတ်ဝင်တော့သည်။

"သယ်. . . ငါတို့ကိုပြောတဲ့အတွက် နင်အခု ခလုတ် တိုက်မိပြီး ခြေထောက်နာသွားပြီ မဟုတ်လား၊ အဲဒါ ငါလုပ်တာဟဲ့၊ ငါလုပ်တာ၊ ငါလုပ်တာ. . . နတ်ကို မခန့်လေးစားလုပ်ချင်သေးလား. . . လုပ်ရဲသေးလား. . ."

ခြေနာသဖြင့် ဒေါသဖြစ်နေသော သမက်က. . .

"ဘာ. . . နင်လုပ်တာ၊ နတ်လုပ်တာ ဟုတ်လား၊ ငါ့ အိမ်ခေါင်းရင်းလည်း တက်နေသေး၊ ငါ့လုပ်စာလည်း

http://myanmarpyitthar.net

စားသေး၊ ငှါးခြေထောက်နာအောင် လုပ်သေး၊ ဘာအသုံး ကျတဲ့ နတ်လဲ၊ နင်တို့အကုန်လုံး သွားလှွင့်ပစ်မယ်”

ပတ်ကြမ်းတိုက်သောအခါ နတ်ဝင်နေသော ယောက္ခမ လေသံပြောင်းသွားသည်။ နတ်ကြိမ်းသည်ကို လူကမခံဘဲ တကယ်လုပ်တော့မည်မှန်း သိသောအခါ နတ်က လေသံပျော့ ကလေးဖြင့်. . .

“မလုပ်ပါနဲ့ မောင်ရယ်၊ လက်ဖက် တစ်ရိုးနဲ့ ဖြစ်ဖြစ်၊ ထန်း လျက်တစ်ခဲနဲ့ဖြစ်ဖြစ် ကျွေးတာနဲ့ စားပါ့မယ်။ ဒီအိမ်မှာ ဆက်နေပါရစေ” တဲ့။

ကဲ- နတ်ရှူးတွေ ဘယ်လောက် ကြောင်တယ်ဆို တာ သဘောပေါက်ကြပလား။

# နတ်ရူးတို့ကြောင်နိုင်ပေ(၂)

ဂုရုကွေးငယ်ငယ် ကလေးဘဝအရွယ်က ဓနုဖြူ မြို့၊ မင်းပိုင်းရပ်ရှိ မိမိအိမ်နှင့် မလှမ်းမကမ်းတွင် နတ် ဘကျော် အမည်ရှိ ကန္နားစီးတစ်ဦး ရှိခဲ့ဖူးသည်။ သူ့အိမ် သည်ပင် နတ်ကန္နားဖြစ်၍ နတ်ကန္နားသည်ပင် သူ့အိမ်ဖြစ် နေသည်။

သူ့အိမ်တွင် နတ်နန်းဖွင့်ထား၍ ပြူးတူးပြဲတဲ နတ် ရုပ် မျိုးစုံ ဓားထမ်း၍ တစ်မျိုး၊ ကျားစီး၍ တစ်ဖုံ၊ မြင်းစီး၍ တစ်နည်း၊ ကျွဲခေါင်းဆောင်း၍ တစ်ဘာသာ။ ခေါင်းရင်း ဘက်တွင် ဖောလင်း စီ၍ ရှိနေကြသည်။ နတ်နန်း၏ နဖူးစီးအဖြစ် ရှန်ပန်းထည် အနီ ရှည်ရှည်စကြိုးကို ပတ်ပတ် လည် ပတ်ထားသည်။

ဤပုံကိုကြည့်ပါ. . . နတ်ရူးတို့ဆုံစည်းရာ

ဖြစ်သည်။ အဝေးကပင် မြင်နိုင်ပါသည်ဟု ဖတ်စာသစ် ထွင်ရမလို ဖြစ်နေသည်။ နတ်ဘကျော်က အခြောက် မဟုတ်ပေ၊ အိမ်ထောင် ရှိ သည်။ သားသမီးတွေ ရှိသည်။ နတ်ဘကျော်က နှာခေါင်းချွန်သည်၊ မျက်လုံး တောက် သည်၊ သူ့မိန်းမက အသားဖြူဖြူ ချောချော. . . သားသမီး တွေကလည်း အကုန်ချောကြသည်။

ကလေးတွေက သိပ်မကြီးကြသေးပါ။ အကြီးဆုံး သား မှာ ဂုရုကွေးနှင့် ရွယ်တူဖြစ်သည်။ ငါးနှစ်လောက်သာ ရှိသေးသည်။ သူ့အောက်က ညီတွေနှင့် ညီမက ပုစုခရု တွေ။ သူတို့သည် တစ်အိမ်လုံး နတ်မျိုးနတ်နွယ်တွေ ဖြစ်ကြ သည်။ နတ် ဘကျော်လည်း က,သည်။ ကလေးတွေလည်း မမနှဲတို့ ဘာတို့ ညာတို့ ကလေးနတ်များတွင် ဝင်က,ကြ သည်. . .။

"အိုလေး. . . မမနှဲရယ်. . . ဗတ်ဗေ. . ဗတ် ဗေ. . ဂျိ. . . ဂျိ. . ."

သမီးအငယ်ဆုံးလေးကလည်း အရွယ်နှင့် မလိုက်အောင် နတ်ဝင်ကောင်းသည်။ ဘဲဥတစ်လုံးကို မနိုင့် တနိုင်မ,၍ မနှဲလေး ဝင်ရာ ကြည့်ရသူများမှာ ရယ်ရမလိုလို ချစ်ရမလိုလို ဖြစ်ကုန်ကြသည်။

သူတို့က နတ်ရှုးဖြစ်သလို ဂုရုကွေးဆိုသော ကောင်က လည်း ငယ်ငယ်ကတည်းက ဇာတ်ရှုးဖြစ်သည်။ ဆိုင်းသံ၊ ဗုံသံ ကြားရင် ကျုပ်မနေနိုင်ပါဆိုသော အကောင်

http://myanmarbook.net
ထွတ်ဗိစာအုပ်တိုက်

မှာ ဆိုင်းသံသာ ကြားပါစေ ဇာတ်ဆိုင်း၊ အရပ်ဆိုင်း၊ နတ်ဆိုင်း၊ ဗလာဆိုင်း၊ မသာဆိုင်း ဘာဆိုင်းဖြစ်ဖြစ် ရှေ့ဆုံးက ရောက်နေတတ်သည်။

"ပခန်း. . . ပခန်း. . . ဘက်ကယ်မှာ ဆယ်ပယ် ကိုးပယ် ကူးပါလို့ မြောင်းလေ မြောင်းကူးရှာ. . ."

ဟိုက်. . . ရှာလပတ်ရည်. . . နတ်ကတော် အိမ်က သီချင်းသံနှင့် ဆိုင်းသံပါလား. . .။ နတ်ပွဲရှိနေတာ သေချာပြီ။ ဂုရုကွေးမှာ မနက်စာ ထမင်းကိုဝအောင် ဖြောင့်အောင် မစားနိုင်၊ ဝရုန်းသုန်းကားစားပြီး လက်စသတ်လိုက်သည်။

"ဖြည်းဖြည်းစားပါ မင်းနတ်ပွဲက ဘယ်မှ မပြေးပါဘူး. . . တစ်နေ့လုံး က,မှာပါ. . ."

"ကျွန်တော် ဝပါပြီ အမေ"

လက်သုတ်ပဝါဖြင့် လက်မသုတ်နိုင်၊ ကိုယ့်ပုဆိုးကိုယ် လက်သုတ်လုပ်ပြီးနတ်ပွဲဆီသို့ ပြေးတော့သည်။ ဟော့ကောင်. . . လာ- လာ၊ တို့နေရာဦးထားတယ်။ နတ်ပွဲကြည့်နေကျ သူငယ်ချင်းတွေက နေရာဦးပေးထားသည်။ ဂုရုကွေးသည် လူကြီးတွေကြားမှာ တိုးခွေ့ပြီး ရှေ့ဆုံးရောက်သွားသည်။ ကိုယ့်ခေါင်းပေါ်တွင် တန်းထိုးပြီး စီတင်ထားသော ကန်တော့ပွဲတွေပဲ ရှိတော့သည်။ အဲဒီအောက်မှာ ဂုရုကွေးတို့ကလေးတွေက တင်ပျဉ်ခွေထိုင်၍ နတ်ပွဲကြည့်သည်။

http://myanmarpyitthar.net
တွတ်ပီစာအုပ်တိုက်

"စီစီတဲ့ရီရီ. . . ရွှေပြုန်းခေါ် ပွဲတော်ကြီး အို. . . နီး ခဲ့ပြီ"

နတ်ဘကျော် မင်းကလေးဝင်နေသည်။ မင်းကလေးမှာ ၃၇မင်းနတ်တွေထဲတွင် စူပါစတားနတ် ဖြစ်သည်။ သူဝင်လျှင် အကြာကြီး က,သည်။ ဆိုင်းသမားတွေ စပယ်ရှယ် တီးပေးရသည်။ ဇာတ်ပွဲမှာ နှစ်ပါးသွားကို အသားပေး အချိန်ပေးရသလို နတ်ပွဲမှာ မင်းကလေးကို အသားပေး အချိန်ပေးရသည်။

"မရှက်ဘူးလား. . . မကြောက်ဘူးလား၊ ခေါင်ကျူးတဲ့ မင်းညီနောင်၊ ရွှေပြုန်းသူများတောင်. . . ရှက်တတ်ရင် ပါရိုးလား. . . ကြောက်တတ်ရင် ပါရိုးလား၊ ပုဆိုးစွန်တောင် သက်တံ သွေးနဲ့ ဘိုးတော်ကြီးမြေး. . . "

ဆိုင်းက တရမန်းကြမ်းတီး၊ နတ်ဘကျော်က တအား က,၊ နတ်ရှူးမောင်းမတွေက ဝေးဟေးဟေး. . . ကိုယ်တော်လေးကွဟု အော်ဟစ်အားပေး။ နတ်နန်းတစ်ခုလုံး မီးလောင်သလို ဝရုန်းသုန်းကား အော်ဟစ်ဆူညံ နေသည်။ ဂုရုကွေးတို့ကလေး တစ်သိုက်ကလည်း ချကွ. . . ချကွ မင်းကလေးကွဟု ဘာမှန်း မသိဘဲ ဝင်အော်ကြသည်။ ပျော်တော့ ပျော်စရာ အကောင်းသား။

ထိုအချိန်မှာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်နေသည့် ၁၉၄၂-၄၃ လောက်ဖြစ်သည်။ မဟာမိတ်တို့၏ လေယာဉ် မည်းမည်းကြီး နှစ်စီးမှာ ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင်

http://myanmarbookstar.net
တွက်ဖိစာအုပ်တိုက်

အလွန် နာမည်ကြီးနေသည်။ ကွဲညီနောင်ဟု အရပ်အခေါ် ခေါ်ကြသည်။

ကွဲညီနောင်မှာ ပုံလာစဉ် အသံမကြားရ၊ အနား ရောက်မှ အသံကြားရသည်။ လေယာဉ်သံနှင့် စက် သေနတ်သံ တစ်ပြိုင်တည်း ကြားရမြဲ. . .

"ရှက်တတ်ရင် ပါရိုးလား. . .၊ ကြောက်တတ်ရင် ပါရိုးလား. . . ပုဆိုးစွန်တောင်. . ."

"ဝေါ. . . ဒက်. . ဒက်. . ဒက်. . ဒက်. . ဒက်"

မင်းကလေး က,ကောင်းနေတုန်း ကွဲညီနောင် ရောက်လာပြီး စက်သေနတ်နှင့် ပစ်သည်။ နတ်ပွဲကြည့်သူ များ အလဲလဲ အပြိုပြိုဖြင့် ထွက်ပြေးကြသည်။ ဂုရုကွေး တို့လည်း နီးရာ အိမ်အောက်ထဲ လေးဘက်ထောက် ဝင် ပြေးကြသည်။

ကွဲညီနောင်က သုံးလေးပတ် ဝေ့ပစ်ပြီး ပျောက် သွားသည်။ နတ်ပွဲကြည့်သူတွေ ပြန်ရောက်လာသည်။ ဆိုင်း သမားတွေ ပြန်ရောက်လာသည်။ အဓိကဖြစ်သော နတ် ဘကျော် ပျောက်နေသည်။

"ကိုဘကျော် ဘယ်ရောက်နေသလဲ. . . ရှာကြ ပါဦး"

အကြောင်းသိပြီးဖြစ်သော သူ့မိန်းမက နတ်နန်း နောက်မှာ တူးထားသော ပုန်းကျင်းကြီးထဲ သွားရှာသည်။

ပုန်းကျင်းထဲမှာ နတ်ဘကျော် တုန်တုန်ယင်ယင် ဖြစ်နေသည်။

"တော်က ခုထက်ထိ ကိုယ်တော်လေး မထွက်သေးဘူး လား"

နတ်ဘကျော်၏အဖြေမှာ ဘေးလူတွေ မကြားလို့တော် ပါသေးသည်။

"ကိုယ်တော်လေးက စက်သေနတ်သံကြားကတည်းက ထွက်သွားပြီ။ ငါ တုန်နေတာက နတ်ပူးတာမဟုတ်ဘူး၊ ကျွဲညီ နောင်ကြောက်လို့ တုန်နေတာ. . ."

http://myanmarpyithar.net
ထွက်ဗိစာအုပ်တိုက်

# နတ်ရှူးတို့ကြောင်နိုင်ပေ(၃)

ဂုရုကွေးတို့ ကလေးများမှာ နတ်ဘကျော်နှင့် ဘာပြဿနာမှ မရှိသော်လည်း ကိုညွန့်ခင်တို့ ကိုဘလှတို့လို ကာလသားကြီးများနှင့်ကား ပြဿနာ ရှိသည်။ ထိုကာလသားကြီးများက နတ်ကို လုံးဝ မယုံပေ။

မယုံတာမှ ၃၇မင်းနတ်ကိုသာမက ဆိုက်ကားက နတ်ကိုပင် မယုံ။ အလကားကောင်တွေ၊ အသိတရားမရှိတဲ့ လူတွေ။ ဘာသာတရားမပြည့်တဲ့လူတွေကို ညာစားနေတာဟု သဘောပေါက်ထားကြသည်။ ထိုကာလသားကြီးများနှင့် နတ်ဘကျော် က တဖောင်းစေးနှင့် မျက်ချေး. . .။

"ရှူးတွေ ဘာနေသမျှ ပေါတွေက ယုံနေ၊ ကြောက်နေကြ တာတွေကို ငါတော့ အံ့တယ်ကွာ. . ."

"မအံ့နဲ့လေ. . .၊ ယုံတဲ့သူတွေက နတ်ကိုင်မှာ

သိပ်ကြောက်တာ”

“နတ်ကိုင်တော့လည်း ယားကျိကျိကြီး နေမှာ ပေါ့. . ဟား. . . ဟား. . . ဟား. . . ဟား”

ဤကား ကိုညွန့်ခင်တို့၊ ကိုဘလှတို့ ပြောနေ ဆိုနေတာကို ဂုရုကွေးကလေးများ ကြားရခြင်း ဖြစ်သည်။ နတ်ဘကျော် နတ်က,တိုင်း ထိုကာလသားကြီးတွေ အမြဲ လာသည်။ နည်းမျိုးစုံဖြင့် ပြောင်အတိအလင်း စိမ်ခေါ် သည်။

“မောင်းမတော်ကြီးများ. . . ”

“ဘုရား. . . ”

“ကိုယ်တော်လေးက က,ရတာ မောတယ်၊ ရေ ကြည် တော် ဆက်. . . ”

မင်းကလေး ဝင်နေသော နတ်ဘကျော်ကို ကန္တား ပွဲလာ မောင်းမတော်တွေက ရေကြည်တော်ဆက်ရသည်။ တချို့က ယပ်ခတ်ပေးရသည်။ တချို့က ချွေးသုတ်ပေးရ သည်။ သကောင့်သား နတ်ဘကျော် ယင်းသို့ မင်္ဂလာယူ နေစဉ်. . .

“မောင်မင်းများ. . . ”

“ဘုရား. . . ”

“ဒါဘာလဲ ကြည့်ကြစမ်း. . . ”

နတ်ဘကျော် လေသံအတိုင်း ကိုဘလှက ခေါ် လိုက်ရာ ကိုညွန့်ခင်တို့က ထူးကြသည်။ ကြည့်ကြစမ်း ဆိုပြီး

http://myanmarpyithar.net
တွတ်ပီစာအုပ်တိုက်

မြှောက်ပြ လိုက်သည်မှာ ဘာဟု ထင်ပါနည်း။ ဝက်သားတွဲ ကြီး ဖြစ်ပါသည်။

ဝက်သားမှ အခေါက်ရယ်၊ အဆီရယ် တွဲနေတဲ့ ဝက်သား။ အသားသက်သက်က နည်းနည်းပဲ ပါသည်။ အခေါက်ကို အမွှေးပြောင်အောင် မနုတ်ရသေး၊ ဝက်မွှေး တွေ ကျိုးတိုးကျဲတဲ ထိုးထိုးထောင်ထောင် အသည်းယား စရာ ဝက်သားတွဲကြီး ဖြစ် သည်။

နတ်ဘကျော် ဒေါပွသွားသည်။ မင်္ဂလာယူ နေရာမှ အိုက်တင် ပဲ့သွားသည်။ ကာလသားအုပ်စုကို ဘယ်သူမှ ဘာမှ မပြောဝံ့။ သည်တိုင်း ငြိမ်ခံနေလျှင် ပိုဆိုး သထက် ဆိုးလာတော့ သည်။ နတ်ဘကျော် အနားယူ အပန်းဖြေနေရာမှ ထ,သည်။ ဆိုင်းကို လက်မြှောက် အချက်ပြ၍. . .

"ပြောင်ကြသလား. . ."

"ဗေပေါင်ထိ"

"လျှောင်ကြသလား. . ."

"ဗေပေါင်ထိ"

"စီးတော်ကျား ရောက်စေဗျား. . ."

"ထီး. . . ထီး. . . ထီး. . . ထီး. . ."

ဆိုင်းက ထီးကြော်ငြာသလို တထီးထီး တီးပေး နေစဉ် စီးတော်ကျားထွက်လာသည်။ နတ်နန်း နောက်ဖက် အပေါက်မှ လက်ထောက်ကျွမ်းဖြင့် ဝင်လာခြင်း ဖြစ်သည်။

http://myanmarbook.net
တွတ်ပီစာအုပ်တိုက်

ကျားခေါင်း ဆောင်းထားသည့် ကျားအဆင်အကွက်နှင့် အင်္ကျီ၊ ဘောင်းဘီ ဝတ်ထားသည်။ ဘောင်းဘီနောက်မှာ အမြီးတန်းလန်းကျနေ သည်။

"သေသွားမယ်၊ ဘာမှတ်သလဲ"

နတ်ဘကျော်က နတ်ခါးတဝင့်ဝင့်ဖြင့် ကျားကျောပေါ် ခြေတစ်ဖက်တင်၍ ကြိမ်းသည်။ ကိုညွန့်ခင်တို့ ကာလသားအုပ်စုက လုံးဝမကြောက်။ နတ်ဘကျော်က တစ်ယောက်တည်း ကာလသားတွေက အများကြီး။ နတ်ခါးကိုင်ပြီး စောင်းမြောင်းပြီး ခါးကြိမ်း ကြိမ်းလိုက်ကာမှ ပိုဆိုးလာသည်။

"ပြောင်ကြသလား. . ."

"ဗ ပေ ပေး. . . ဂျိ"

"လှောင်ကြသလား. . ."

"ဗ ပေ ပေး. . . ဂျိ. . ."

"စီးတော်ခွေး ရောက်စေဗျား"

ကာလသားတွေက နတ်ဘကျော်လေသံအတိုင်း ဆိုကြ သည်။ စီးတော်ခွေး ရောက်စေဗျား ဆိုသောအခါ ဘယ်ခွေးမှ ရောက်မလာသော်လည်း ဝူအူ. . . ဝူအူ. . . ဝူတ်. . ဝူတ်. . ဝူတ် ဟု အူသံဟောင်သံများ ဆူညံသွားသည်။ ဂုရုကွေးတို့ ကလေးသိုက်မှာလည်း ကာလသားကြီးတွေ အော်သဖြင့် ဘာမှန်း မသိဘဲ ဝူအူ. . ဝူအူ. . ဝူတ်. . ဝူတ်. . ဝူတ် ဟု ဝိုင်းအော် ကြသည်။

http://myanmarbookshop.net ထွတ်ဗိစာအုပ်တိုက်

နတ်ကန္နားတစ်ခုလုံး ရုတ်ရုတ်သည်းသည်း ဖြစ်နေစဉ် အပိုင်လူကြီးတွေ ရောက်လာသည်။ ကိုညွန့်ခင်တို့၊ ကိုဘလှတို့ကို. . .

"ဟော့ကောင်တွေ လာကြပါကွာ. . . သွားမနှောင့်ယှက် ပါနဲ့၊ သူ့ဟာသူ က,ပါစေ"

အတင်း ဆွဲခေါ်သွားသည်။ နတ်နှင့်ပတ်သက်သော နတ်ရူးတစ်ယောက်က သွားအကြောင်းကြားခြင်း ဖြစ်သည်။ ကို ဘလှတို့ ထွက်သွားသော်လည်း ပြဿနာက မပြီးဆုံးသေး။ မောင်းမတစ်ယောက်က ငယ်သံပါအောင် ထ,အော်သည်။

"အောင်မယ်လေး လုပ်ကြပါဦး ဟိုဟာကြီး ထားပစ်ခဲ့တယ်၊ ဟိုဟာကြီး ထားပစ်ခဲ့တယ်"

သူပြရာကို ကြည့်လိုက်သောအခါ တန်းလန်းဆွဲထားသော ဝက်သားတွဲကြီး ဖြစ်နေသည်။

http://myanmarpyitthar.net
တွတ်ပီစာအုပ်တိုက်

# နတ်ရှုးတို့ကြောင်နိုင်ပေ(၄)

နတ်ဘကျော်နတ်နန်းတွင် ကျားဝင်သူမှာ ကိုသန်းမောင် ဖြစ်သည်။ ကိုသန်းမောင်က ကျွမ်းတွေ၊ ဒိုင်ဗင်တွေလည်း ကောင်းကောင်းထိုးတတ်သည်။ မြန်မာ့ဘိုင်စကုတ်ဇာတ်လိုက် ကျော်ရဲခေါင်ချစ်ဆွေကြီး ပါဝင်သော ဇာတ်ကားများကို ကြည့်၍ ထိုခေတ်က ကာလသားတိုင်း ကျွမ်းတွေ ဒိုင်ဗင်တွေ ဝါသနာ ပါကြသည်။

ဂုရုကွေးတို့၏ ဓနုဖြူမြို့မှာ ဧရာဝတီမြစ်ကမ်းနဖူးတွင် တည်ရှိသည်။ ကမ်းစပ်တွင် ရေထဲသို့ ကိုင်းကျနေသော စက်ကလုံးပင်ကြီးတွေ၊ ကုက္ကိုပင်ကြီးတွေ ရှိသည်။ ဒိုင်ဗင်သမားတို့အတွက် ဒိုင်ဗင်ဘုတ်ပြား မလိုပေ။ မြစ်ထဲသို့ ထိုးထွက်နေသော သစ်ကိုင်း ကြီးများမှာ သူတို့အတွက် သဘာဝ ဒိုင်ဗင်ဘုတ်ပြားများ ဖြစ်နေသည်။ ထိုအကိုင်း

http://myanmarpyitthar.net

ပေါ်မှ ဧရာဝတီမြစ်ထဲသို့ ဒိုင်ဗင်ထိုးချကြသည်။

"သန်းမောင်ကြီးကွ. . . နတ်ကျားကွ. . ကြိတ်လိုက်စမ်း မဆလာတွေ"

ကိုသန်းမောင် ဒိုင်ဗင်ထိုးသောအခါ သူငယ်ချင်း အပေါင်းအသင်း ကာလသားတွေက ဤသို့လျှင် အော်ဟစ်နောက်ပြောင်ကြသည်။ နတ်ကျားဝင်လျှင် ကျားခေါင်းဆောင်းထားသည် ဖြစ်၍ ဂုရုကွေးတို့ ကလေးများမှာ နတ်ကျားကို ဘယ်သူမှန်း မသိကြပေ။ ကမ်းနား ရေချိုးဆင်းမှ ကိုသန်းမောင်ကြီး ဖြစ်မှန်း သိကြရသည်။

တစ်နေ့ ညနေခင်း နတ်ဘကျော် ရေချိုးဆင်းစဉ် ကိုသန်းမောင်ကြီးကလည်း ထုံးစံအတိုင်း ဒိုင်ဗင်ထိုးနေသည်။ သူ ငယ်ချင်းကာသသားတွေကလည်း ထုံးစံအတိုင်း သန်းမောင်ကွ၊ နတ်ကျားကွဟု အော်ဟစ်လှောင်ပြောင်ကြသည်။ နတ်ဘကျော် ကြားသွားသည်။ ရေ ကြာကြာ မချိုးတော့၊ မျက်နှာကြီး စူပုပ်ပြီး ပြန်တက်သွားသည်။

"ကိုသန်းမောင် ခင်ဗျား ဒိုင်ဗင်မထိုးရင် ကောင်းမယ်"

နတ်ဘကျော်က ကိုသန်းမောင် ဒိုင်ဗင်ထိုးခြင်းကို ပိတ်ပင်လိုက်သည်။ ကိုသန်းမောင် မကျေနပ်။ ကိုဘလှတို့ သူငယ်ချင်းတွေက-

"ဟေ့ကောင် သန်းမောင်ကြီး မင်း ကျားဝင်တာ တကယ်ဝင်တာလား၊ ညာတာလား၊ အမဲသား အစိမ်းတွေ

http://shwenmarnyitkar.net
ရွှေတံခါးစာအုပ်တိုက်

ကိုက်ပြီး ကျွမ်းထိုးတော့ မညီဘူးလား”

ဟု မေးကြသည်။ ကိုသန်းမောင်က နတ်ဘကျော် ကို စိတ်ခုနေသဖြင့် အတွင်းရေးတွေ ဖွင့်ချသည်။ သူ ဒိုင်ဗင် မထိုးရတာ တစ်ပတ်ကျော်သွားပြီ။

“အလကားပါကွာ. . . ဘယ်က တကယ်ဝင်ရမှာလဲ၊ နတ်ကျားမပြောနဲ့ကွာ ဘမ်းပရုပ်ဆီဘူးက ကျားနဲ့ အေးစကော့ ကျားတံဆိပ် ဘိလပ်ရည်ပုလင်းအဖုံးက ကျား တောင် မဝင်ဘူး၊ အမဲသား အစိမ်းတွေ ကိုက်တာလည်း ဘယ်မညီဘဲ နေမလဲ၊ ညီတာပေါ့၊ ငါလည်း အလုပ်မရှိလို့ ကျားဝင်လုပ်နေရတာ၊ အုံနာ ကိုတိုးကြီးဆီက ဆိုက်ကား ငှားရရင် ဆိုက်ကားနင်းမယ်”

ထိုစကားမှာ တစ်ဆင့်စကား တစ်ဆင့်ပြန့်ပွားပြီး နတ်ဘကျော်နား ရောက်သွားသည်။ နတ်ဘကျော်က သူ သိက္ခာကျရုံတင်မက ကိုယ်တော်ကြီး ကိုယ်တော်လေးတို့ပါ သိက္ခာကျသည် ဆိုပြီး ကိုသန်းမောင်ကို နတ်ကျားအလုပ်မှ ဖြုတ်ပစ်လိုက်သည်။

“သန်းမောင်ကွ၊ နတ်ကျားပြုတ်သန်းမောင်” ကိုသန်းမောင် ဒိုင်ဗင် ပြန်ထိုးသည်။ သူငယ်ချင်း ကာလ သားတွေက (နတ်ကျားပြုတ်) ဟု အော်ဟစ်လှောင်ပြောင် ကြသည်။ နတ်ဘကျော် မှာ နတ်ကျားလက်မဲ့ ဖြစ်နေသည်။ မင်းကလေး ဝင်လျှင် ကျားမပါဘဲ ဝင်နေရသည်။ တစ်စုံ တစ်ခု လိုနေသလို ဖြစ်နေသည်။

http://myanmarpyithar.net

“ကျွန်တော် ကျားအလုပ် လျှောက်ချင်လို့ ရမလား”

ဂရုကွေးတို့အပိုင်းတွင် စိတ်ကောင်းကောင်းမနှံ့သော ငအုန်းကြီးက နတ်ဘကျော်ထံတွင် ကျားအလုပ်သွားလျှောက်သည်။ ငအုန်းကြီး ပေါက်တတ်မှန်းကို နတ်ဘကျော် မသိပေ။ ကျားလိုနေတုန်း လာလျှောက်သူနှင့် အခန့်သင့် ဖြစ်သွားသည်။

“ခင်ဗျား ကျွမ်းပစ်တတ်သလား”

“ငအုန်းတို့က သိပ်ပစ်တတ်ပေါ့ဗျာ၊ ကြည့်. . . ”

ငအုန်းကြီးက မြေပေါ်တွင် ခြေစုံပူးရပ်ပြီး တစ်ပတ် ကျွမ်းပစ်ပြသည်။ တစ်ပတ်လည်ပြီး ရပ်သောနေရာတွင် ပြန်ကျသည်။

“ခင်ဗျားကို နတ်ကျားခန့်လိုက်ပြီ၊ မနက်ဖြန် ကန္နားပွဲ ရှိတယ်၊ တစ်ခါတည်း အလုပ်ဝင်ပေတော့”

ကိုသန်းမောင် ဝတ်ခဲ့သော ကျားဝတ်စုံများ ငအုန်းကြီးနှင့်လည်း အတော်ဖြစ်နေသည်။ ကျားအသစ်ရလာတော့ ထိုနေ့က မင်းကလေး ဝင်ရတာ နတ်ဘကျော်လည်း လမိုင်း ပိုကပ် သည်။

“ပြောင်ကြသလား. . . ”

“ဗေ. . ပေါင်. . ဂျိ”

“လှောင်ကြသလား”

“ဗေ. . ပေါင်. . ဂျိ”

http://myanmarbookstar.net
တွတ်ပီစာအုပ်တိုက်

“စီးတော်ကျား ရောက်စေဗျား”

“ထီး. . ထီး. . ထီး. . ထီး. . ထီး. . ”

ဆိုင်းက တထီးထီး လုပ်ပေးသည်။ ငအုန်းကြီးက ရှေ့ကျွမ်းတွေ၊ နောက်ကျွမ်းတွေဖြင့် ကျားအစွမ်းပြသည်။ ထိုပွဲတွင် ပရိသတ်ထဲက လာအကဲခတ်နေသော ကျားဟောင်း ကိုသန်း မောင်က ကိုဘလှတို့ကို. . .

“ဟော့ကောင်တွေ. . . ငါပြောတာ မယုံရင် စောင့်ကြည့်နေ၊ ငအုန်းကြီးက ရှူးပေါ်ပေါ်နဲ့ ထင်ရာတွေ လျှောက်လုပ်နေပြီ၊ မကြာခင် ပြဿနာ ပေါ်လာလိမ့်မယ်”

ကိုသန်းမောင် ပြောတာမှန်သည်။ ငအုန်းကြီးမှာ စိတ်မမှန်သူ ဖြစ်သည်။ နောက်တစ်ခါ ကန္နားပွဲတွင် ရောဂါ ပြန်ကြွနေသည်နှင့် ကြုံရသည်။

“ဟီး. . ဟီး. . ဟီး. . ဟီး. . ဝင်ရတော့မယ်၊ ဝင်ရတော့မယ်၊ ကျားဝင်ရတော့မယ်. . . ”

ကျားဝတ်စုံ လဲကတည်းက တဟီးဟီး ဖြစ်နေသည်။ အဝတ်အစား ဝတ်ပေးသူများ သတိမထားမိကြ။ နတ်ဘကျော် မင်းကလေး ဝင်နေစဉ် ငအုန်းကြီး ပေါက်သွားသည်။

“ဟော့ကောင်၊ မင်းကလေး. . . လာစမ်း. . ဝပ်စမ်း”

နတ်ဘကျော်ကိုတွန်းလှဲပြီး ဝပ်ခိုင်းသည်။ နတ်ဘကျော်မှာ မင်းကလေး ဝင်ရင်း အရက်သောက်တာ များ

သွားသဖြင့် မူးနေသည်။ ကိုယ့်ကိုယ်ကို မထိန်းနိုင်၊ ကျား လက်သစ် ငအုန်းကြီးက ဝပ်နေသော မင်းကလေး နတ် ဘကျော်ပေါ် ခြေတစ်ဖက်တင်၍-

"ပြောင်ကြသလား"

"ပေ. . ပေါင်. . ဂျိ"

"လှောင်ကြသလား"

"ပေ. . ပေါင်. . ဂျိ. . "

"စီးတော်နတ် ရောက်စေဗျား"

ထီး. . ထီး. . ထီး. . ထီး. . ထီး. . "

ဆိုင်းက တထီးထီး တီးပေးသည်။ နတ်ပွဲကြည့် ပရိသတ်များ အုန်းအုန်းထ,အောင် ရယ်ကြသည်။ ထို ရယ်သံများထဲတွင် ကျားလက်ဟောင်း ကိုသန်းမောင်ကြီး၏ ရယ်သံမှာ အကျယ်ဆုံး ဖြစ်ပါသည်။

http://myanmarpyithar.net

# နတ်ရူးတို့ကြောင်နိုင်ပေ(၅)

ဒုတိယနတ်ကျားလုပ်သော ငအုန်းကြီးမှာ နတ်ဘကျော် ၏ ကျောပြင်ကို ခြေတင်ပြီး ပြောင်ကြသလား လုပ်သည့်နေ့တွင် ကျားအလုပ်မှ အပြီးတိုင် ထုတ်ပစ်ခံရသည်။ နတ်ဘကျော်တွင် လောလောဆယ် နတ်ကျားလက်မဲ့ ဖြစ်သွားသည်။

"မထူးတော့ပါဘူးတော်. . . အပြင်လူ ခေါ်လုပ်ခိုင်းရင် ပါးစပ်ပွတာနဲ့ အတွင်းရေးတွေ လူသိကုန်မယ်၊ ခုလည်း သိတန် သလောက် သိကုန်လို့ ကန္နားပေးတာတွေ တော်တော်ကျဲသွား ပြီ၊ ကျုပ်တို့သား အကြီးဆုံးကောင်ကိုပဲ ကျားလုပ်ခိုင်းတာပေ့ါ"

"ဟုတ်တယ်၊ ကိုယ့်သားကျားပဲ ကောင်းတယ်"

သို့ဖြင့် ဂုရုကွေးတို့နှင့် သက်တူရွယ်တူ ခြောက်နှစ်

သား သာရှိသေးသော အကြီးကောင်မှာ နတ်ကျား ဖြစ်လာသည်။ ခက် တာက ကျားဝတ်စုံ၊ ကိုသန်းမောင်တို့ ငအုန်းကြီးတို့ဝတ်ခဲ့သော ဝတ်စုံက လူကြီးဝတ်ဖြစ်နေ၍ ကလေးနှင့် မတော်ပေ။ ပွပွချောင် ချောင်ဖြစ်နေသဖြင့် ကလေးဝတ်လို့ရအောင် အပ်ချုပ်ဆိုင်တွင် သွားပြင်ရသည်။

"ပြောင်ကြသလား"

"ဗေ. . ပေါင်. . ဂျိ"

"လှောင်ကြသလား"

"ဗေ. . ပေါင်. . ဂျိ. . "

"စီးတော်ကျား ရောက်စေဗျား. . . "

ဆိုင်းက တထီးထီးဖြင့် ထီးကြော်ငြာပေးနေသည်။ ဂုရုကွေးတို့နှင့် သူငယ်ချင်း နတ်ဘကျော်၏ သားအကြီးဆုံး ကောင် နတ်ကျား ထွက်လာသည်။

ဒီကောင်က ကျွမ်းလည်းမပစ်တတ်၊ ဒိုင်ဗင်လည်း မထိုးတတ်၊ ကလေးထဲမှာ ခပ်တုံးတုံးခပ်အေးအေးကလေး၊ ကျွမ်းပစ် မထွက်တတ်သဖြင့် ဘယ်လိုထွက်လာသည် ထင်သနည်း။

"ဟိုက်- ရှာလပတ်ရည်၊ နတ်ကျားက လေးဘက်ထောက်ပြီး ကုန်းကုန်း ကုန်းကုန်းနဲ့ ထွက်လာပါလား၊ ဒါဆိုရင် နတ်ကျား မဖြစ်နိုင်ဘူး၊ နတ်ခွေးဖြစ်ရမယ်"

"ဟုတ်ပကွာ၊ နတ်ကျားကလည်း ငယ်သွားလိုက်တာ ကလေးသာသာပဲ ရှိတော့တယ်၊ အရင်နတ်ကျားတွေ

ရဲ့ မယားပါသား နတ်ကျား ထင်တယ်”

ဒါတွေအားလုံးကို နတ်ဘကျော်ကြားပါသည်။ ကြားသဖြင့် မင်းကလေးဝင်ရာမှ အသားဆတ်ဆတ်တုန် အောင် ဒေါသ ဖြစ်လာသည်။ ဒါကို ဂရုစိုက်မိသော နတ်ရှူး မောင်းမတစ်ယောက်က (ကိုယ်တော်လေး၊ ဒီနေ့ တကယ့် ကို ပြည့်ပြည့်ဝဝ ဝင်နေတာ တော့) ဟု ဘေးနားက နတ်ရှူး မကို တီးတိုးပြောသည်။

“ယုံကြည်သူ မောင်းမများ
ချမ်းသာကြစေသား
မယုံသူ ခွေးမသား
မင်းအမေနဲ့ ငါနဲ့ ညား”

သူ့ကို ပြောင်လှောင်သူများကို စောင်းမြောင်း သီဆိုပြီး ဒေါသဖြစ်ဖြစ်နှင့် နတ်ကျား၏ကျောပြင်ကို ဖနောင့်ဖြင့် ပေါက်ထည့်လိုက်ရာ-

“အောင်မလေး အဖေရဲ့ သေပါပြီ”

နတ်ကျားက ငယ်သံပါအောင် ထ,အော်သည်။ နတ်ပွဲကြည့် ပရိသတ်များ၏ အုန်းအုန်းကျွတ်ကျွတ် ရယ်သံ များ ဆူညံသွားသည်။ ဆိုင်းက မနည်းပတ်တုတ်ယူရသည်။

ထိုအချိန်မှာ ဒုတိယကမ္ဘာစစ်ကြီး ပြီးလုနီးနီး အချိန် ဖြစ် သည်။ ဂျပန်မာစတာများ အင်ဖာစစ်မျက်နှာမှ စစ်ရှုံး၍ ပြန်ဆုတ် လာရသောအချိန်။ ဂုရုကွေးတို့၏ ခနေဖြူ တစ်မြို့လုံး မြို့ခံဂျပန် များရော၊ အင်ဖာပြန် ဂျပန်များရော

ဘယ်သွားသွား ဘယ်လာလာ ဂျပန်တွေနှင့် ရှောင်မလွတ် အောင် ဖြစ်နေသည်။

နတ်ဘကျော် မင်းကလေး က,နေစဉ် အရက်မူး နေသော ဂျပန်ငါးယောက် နတ်ကန္နားသို့ ရောက်လာ သည်။ ငါးယောက်လုံး မြန်မာလို မတောက်တခေါက် ပြော တတ်သည်။ မြန်မာရည် အတန်အသင့်လည်သော ဂျပန် များ ဖြစ်သည်။

"အများကြီးကောင်းတယ်ကား. . . ဘီရုမာ ဆိုင်း ထီး ထီး ထီး ထီး ထီး ရောတောရှို့ . ."

ဆိုင်းသမားကို မနားတမ်း တီးခိုင်းသည်။ ဆိုင်း သမားတွေမှာ ဂျပန်ရန် ကြောက်သဖြင့် တီးရ၏။ ဂျပန်တစ် ယောက်က နတ်ဘကျော်၏ ခေါင်းပေါင်းကို ဆွဲချွတ်သည်။

"ဒီခေါင်းကအစ ဘာလုပ်တာလဲ ခူးရကား နန်းဒါး. ."

နတ်ဘကျော်လည်း အကြီးအကျယ် ကြောက်နေ ပြီ။ သူ ကြောက်ရုံတင်မက သူအားကိုးလုပ်စားနေသော မင်းကလေးပါ ကြောက်၍ ဘယ်အချိန်က ထွက်သွားသည် မသိ။ ထွက်သွားပြီး နန်းဒါးဆိုသဖြင့် နတ်ဘကျော်က ပွဲရှေ့ တွင် ကန့်လန့် တင်ထားသော နတ်ဓားကို လက်ညှိုး ထိုးပြ သည်။

"မာစတာ. . ဟိုမှာ နန်းဓား. . နတ်နန်းကို ဆက်ထားတဲ့ နန်းဓား"

ဂျပန်က သူ့ကို နောက်သည်ထင်သဖြင့် 'ခုတကား' ဟု ဂျပန်လို ဆဲသည်။ ဂျပန်စကား မတတ်သော နတ်ဘကျော်က-

"နန်းခားဆက်ထားတာ ခုတစ်ခါတင် မကပါဘူး မာစတာ၊ အရင်အခါတွေကလည်း ဆက်ကြပါတယ်၊ ဟိုမှာ . . ဟိုမှာ . . နန်းခားတွေ၊ နန်းခားတွေ . . . မာစတာ ကြည့်ပါ"

ဂျပန် မကြည့်တော့၊ သူက နန်းဒါး ပြောသည်ကို နတ်ဘကျော်က နန်းခား၊ နန်းခား ပြန်လုပ်နေသဖြင့် ဒေါပွပေါက်ကွဲကာ နတ်ဘကျော်ကို နားရင်းပါးရင်း တီးသည်။

"ချမ်းသာပေးပါ မာစတာ၊ ကျွန်တော် အမိုက်အမဲကို ချမ်းသာပေးပါ မာစတာ"

နတ်ဘကျော် ဂျပန်ကို လက်အုပ်ချီ၍ ထိုင်ရှိခိုးသည်။ နတ်က ဂျပန်, ပြန်ရှိခိုးရသောအဖြစ်ကိုကြည့်ကာ နတ်ပွဲလာ ပရိသတ်များ တဟားဟား ရယ်ကြသည်။

ဂျပန်တစ်ယောက်က နတ်ဆက်ထားသော ကြက်ပေါင်ကြော်ကြီးကို အားရပါးရ ကိုက်ဖွဲ့ စားနေရာမှ . . .

"ဘိရမာ ကြက်သား ကောင်းတယ်ကား . . . ကောင်းတယ်ကား . . ."

ဟု အော်လိုက်ရာ နတ်ဘကျော်ကို ရိုက်သော ဂျပန်နှင့် တခြား ဂျပန်သုံးယောက်ပါ အပြေးအလွှားသွား၍ နတ်ဆက်ထားသော ကြက်ပေါင်ကြော်များ၊ ကြက်အသည်း

အမြစ်ကြော်များနှင့် အခြား စားသောက်ဖွယ်ရာ များကို အားရပါးရ ပါးဖြိုနားဖြို စားကြတော့သည်။

အရက်ပုလင်းတွေကို ဖွင့်သောက်ကြသည်။ နဂိုက အမူးခါတ်ခံတွင် ထပ်မူးလာသောအခါ. . .

“ခူးရကား. . နန်းဒါး. . ဘတ်ကဲရိုး” ဟု အော်ပြီး နတ်ရုပ်တွေကို ဓားဖြင့် လိုက်ခုတ်ချသည်။ ဓားကလည်း ပေါပေါ ဆိုတော့ တစ်ယောက် ဓားတစ်လက်သာမက ဂျပန်တစ်ယောက်မှာ နှစ်လက်တောင် ကိုင်ထားသည်။

ဦးမင်းကျော် ဇက်ပြတ်သွားသည်။ ဦးမင်းကျော်၏ တပည့် တင်းပုတ်ထမ်းထားသော ညို့ကြီး ဆိုသော နတ်လည်း ဂျပန်ဓားချက်ကြောင့် ဇက်ပြတ်ရုံမက လက်ပါ ပြတ်ကာ တင်းပုတ် အပိုင်းပိုင်း ကျိုးသွားသည်။

ကိုယ်တော်ကြီး ကိုယ်တော်လေးတို့လည်း စလွယ်သိုင်း အပိုင်းခံရသဖြင့် ဓားပြတ်သည့်ကောင်က ပြတ်၊ ဇက်ပြုတ်သည့် ကောင်ကပြုတ်၊ နတ်ထီးတွေသာမက နတ်မတွေပါအကုန်လုံး တစ်ပြုံလုံး ကပ်ဆိုက်တော့သည်။ အပိုင်းပိုင်း အတစ်တစ် ဖြစ်ကုန်သည်။

ဂျပန်များထွက်သွားသော် နတ်ပွဲကြည့်ပရိသတ်က ဝေဖန်ကြသည်ကား. . .

“အစိမ်းသေသေပြီး၊ နတ်ဖြစ်တဲ့ ကောင်တွေ၊ အရုပ်ဘဝကနေ ခုတစ်ခါ ထပ်သေရပြန်ပြီ၊ သနားဖို့ကောင်းလိုက်တာ. . . သွတ် သွတ် သွတ် သွတ်. . ”

# နတ်ရူးတို့ ကြောင်နိုင်ပေ(၆)

နွေနေက ရက်ရက်စက်စက် ပူနေသည်။ ပူတယ် လေ ဆယ်နေကဲ ဟု ညည်းရလောက်သည့် မတ်လ၏ နေ အပူဖြစ်သည်။ လူတွေမှာ နာရေးကိစ္စဖြစ်နေသဖြင့် မလာ လို့လည်း မရ ဤမျှပူရှိန်ပြင်းသော နေ့လယ်ခင်းမျိုးတွင် ပြင်ပပြင်လွင် မထွက်ဘဲ အိမ်ထဲမှာသာ အောင်းနေဖို့ ကောင်းတော့သည်။

"ဂွတ္တာလစ် (---) လမ်းက အသုဘအိမ်ဆိုတာ ဟိုရှေ့ကအိမ် ထင်တယ်"

အိမ်တစ်အိမ်ရှေ့တွင် လူတွေ ရုံးစုရုံးစု ဖြစ်နေ သည်။ ပို့ဆောင်ရန် အချိန် တစ်နာရီခန့်လိုသေးသည်။ အလောင်းမှာ အခေါင်းသွင်းထားပြီး အိမ်ရှေ့တွင် ခုတင်နှင့် ပြင်ထားသည်။ အသုဘ ပို့မည့်သူများ တဖြည်းဖြည်း များ

လာသည်။ သစ်ပင်ရိပ်များတွင် နေရိပ်ခိုကြရင်း အသုဘ တင်မည့် နိဗ္ဗာန်ယာဉ်ကို မျှော်နေကြသည်။

“မီးဗျို့. .၊ မီး. . . မီး. . . မီး”

မနီးမဝေးမှ စူးစူးဝါးဝါး အော်သံများ ကြားရသည်။ နေပူရှိန် အမြင့်ဆုံး အချိန်၊ ခနိတွေ၊ ဝါးတွေ ကွတ်ရွနေချိန် ထ, လောင်သောမီးဖြစ်၍ အော်သံနှင့် မရှေးမနှောင်းတွင် အိမ်တွေပေါ် ကျော်တက်လာသော မီးတောက်ကြီးကို မြင်ကြရသည်။ မီးက နီးနီးလေးက ကပ်လောင်တာပါလား. . .

“ပြေးကြဟေ့၊ ပြေး. . . ပြေး. . မီး ဒီဘက်ကူးလာပြီ၊ မီးက လောင်ပြီဆိုတာနှင့် အရှိန်ပြင်းသည်။ မီးသတ်ကားက တစ်စီးသာ ရောက်သေးသည်။ နောက်ထပ် ကားတွေ ရောက်မလာသေး။ တစ်ကားတည်းနှင့် မီးကို မနိုင်နိုင်။ မီးက တစ်အိမ်မှ တစ်အိမ် လျင်မြန်စွာ ဆက်လက်ကူးလာသည်။ အသုဘ အိမ်ရှေ့သို့ ရောက်လာသည်။ အသုဘပို့မည့်သူများ မီးနှင့်ဝေးရာသို့ ထွက်ပြေးကြသည်။ မီးတောက် မီးလျှံများကြားတွင် ထွက်မပြေးနိုင်ရှာသော အလောင်းကြီးသာ ကျန်ခဲ့သည်။

“မကြောက်ကြနဲ့၊ မပြေးကြနဲ့၊ ဒီမီး ဒီဘက် မလာနိုင်ဘူး”

မီးက ကြီးသည်ထက် ကြီးလာသည်။ ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာသည်။ ဤမီးဘေးကြီးမှ ကင်းဝေး

အောင် ဝေးရာသို့ ပြေးနေသော လူများကို အသက် လေး ဆယ်ကျော်ခန့် လူတစ်ယောက်က မပြေးကြနဲ့ဟု ထွက် တားသည်။

ဒီမီး ဒီဘက်မလာနိုင်ဘူးတဲ့၊ အာမခံရဲလှချည့် လား၊ ခု လောင်နေသောမီးက သူ့တပည့် သားမြေးများ လား၊ သူက ရပ်ဆို တာနှင့် ရပ်သွားမှာလား၊ ပြောနေတာ ဘယ်သူများ ပါလိမ့်ဟု ကြည့်လိုက်တော့ လား. . . လား. . . နတ်ကတော် ဖြစ်နေသည်။

"ဦးလေး. . . မီးသိပ်ကြီးတယ်နော်၊ မီးသတ်ကား တွေ ဝိုင်းပက်နေတဲ့ကြားက မီးက ဒီဘက် တဖြည်းဖြည်းနီး လာပြီ"

အဝိုင်းကြီးထိပ်က လူငယ်တွေက နတ်ကတော် ကြီးကို မီးနီးလာကြောင်း လက်ညှိုးထိုးပြ၍ ပြောကြသည်။ နတ်ကတော်ကြီးက ပစ္စည်းသိမ်းဖို့၊ ပစ္စည်းသယ်ဖို့ မပြင် ဆင်၊ စိတ်အေးလက်အေးအမူအရာဖြင့် အိမ်ရှေ့တွင် ရပ်၍ မီးလောင်နေရာသို့ လှမ်းကြည့် နေသည်။

"မီးဘယ်လောက်ကြီးမလဲ၊ တောင်လုံးလောက် ကြီးမလား၊ ကြီးချင်သလောက် ကြီး. . ၊ ကြောက်စရာမလို ဘူး၊ ကိုယ်တော်ကြီး၊ ကိုယ်တော်လေး တို့ရှိတယ်၊ သူတို့ တားပေးကြလိမ့် မယ်"

ထိုသို့ပြောပြီးနောက် မီးညွန့်တက်နေရာသို့ လက် ညှိုးဖြင့် ရွယ်၍ပါးစပ်မှ ရှီရှီဟု အော်ပြီး လက်ညှိုးဖြင့်

ကြက်ခြေ ခတ်သည်။

"ဘာလုပ်တာလဲ ဦးလေး"

"ငါ့ကို ဦးလေးမခေါ်နဲ့ မာမီကြီး ခေါ်၊ ရှိရှိဆိုတာ အရှင်နှစ်ပါးအမိန့်နဲ့ မီးတားနေတာ၊ ကြည့်နေ ဒီမီး ခုငြိမ်း သွားရမယ်"

သူ့အဘမီးက မငြိမ်းပါ၊ အရှင်နှစ်ပါးမကလို့ အသေနှစ်ကောင်ပါ ခေါ်ခေါ်၊ မီးက သူ့အိမ်ဘက်သို့ နီးနီး လာသည်။

"ဦးလေး. . . အဲလေ. . . မာမီကြီး၊ မီးက နီး လာပြီနော်၊ ပစ္စည်းတွေ သယ်မယ်ဆို ကျွန်တော်တို့ ဝိုင်း သယ်ပေးမယ်၊ ခုနေ သယ်ထားရင် ရနိုင်သမျှ ရမယ်"

အဝိုင်းထိပ် လူငယ်တွေက ကူညီရန် ကမ်းလှမ်း သော် လည်း နတ်ကတော် မာမီကြီးက လက်မခံ။

"ရတယ်၊ ရတယ်၊ သားတို့ ကြည့်နေ ခုပဲ ငြိမ်း တော့မှာ. . ."

အိမ်ပေါ်သို့တက်ပြေးပြီး နတ်ရုပ်တစ်ရုပ်ကို ပွေ့ချ လာ သည်။ သူ အလွန်အားကိုးသော ၃၇မင်း စူပါစတား မင်းကလေး ခေါ် ကိုယ်တော်လေး အရုပ်ဖြစ်သည်။ မီးက ဟိုဘက်လမ်းသို့ ရောက်နေပြီ။ မီးအရှိန်ကြောင့် ဒီဘက် လမ်းပါ ပူစပြုလာသည်။

"ဟဲ့မီး ရပ်လိုက်စမ်း၊ ငြိမ်းလိုက်စမ်း၊ ဒီဘက် ဆက်မလာနဲ့၊ ကိုယ်တော်လေးအမိန့်၊ ခု ရပ်လိုက် ရှိ. .

ရှိ. . ရှိ. . ”

ရပ်လိုက်ပါဆိုမှ မီးက မျက်နှာချင်းဆိုင် အိမ်တန်းသို့ ကူးလာသည်။ မိစ္ဆာ သုံးဆယ့်ခုနစ်ကောင်အနက် တစ်ကောင် ယူချလာသဖြင့် အိမ်ပေါ်တွင် သုံးဆယ့်ခြောက်ကောင် ကျန်နေသည်။

“မာမီကြီး. . . နတ်ရုပ်တွေ ကျွန်တော်တို့ သယ်ပေးရလား၊ အချိန် နည်းနည်းရသေးတယ်နော်”

“မသယ်နဲ့. . . မသယ်နဲ့. . . ချက်ချင်း ငြိမ်းရမယ်၊ ဟဲ့မီး ၃၇မင်းအမိန့်၊ ခုငြိမ်း”

ဟိုက်- ရှာလပတ်ရည် ၃၇မင်းအမိန့်ဆိုပါလား၊ သဘာ၀ ဘေးအန္တရာယ် မီးကို ရန်သူမျိုးငါးပါးထဲမှာ တစ်ပါးပါသော မီးကို သစ်သားကို ဆေးခြယ်ပြီး အ၀တ်၀တ်ပေးထားသော သူ့အရုပ်တွေက ဘာတတ်နိုင်မည်နည်း။

“မီး သိပ်နီးလာပြီဟေ့၊ လစ်ကြမလား”

အဝိုင်းထိပ် လူငယ်များ မီးတောက်မီးလျှံများမှ မီးဝေးရာသို့ ထွက်ပြေးကြသည်။ နတ်ကတော်ကြီးကား မပြေးသေး၊ မီးညွှန့်ရှိရာသို့ မင်းကလေးရုပ်ကို မြှောက်ပြလိုက်၊ တရှိရှိဖြင့် မီးတားလိုက်လုပ်နေစဉ် မီးပွားတစ်စ လွင့်လာပြီး မင်း ကလေးရုပ်မှ အင်္ကျီကို စွဲသည်။

“အောင်မလေးတော့ ပူတယ်၊ ပူတယ်”

ကမ္ဘာမီးလောင်၊ သားကောင်ချနင်းစကား ရှိ

သည်။ တကယ်လောင်လာသောအခါ ကိုယ့်ရင်ဘတ်ပါ ပူလာ၍ မင်း ကလေးရုပ်ကို ဆတ်ခနဲ လွှင့်ပစ်လိုက်သည်။ မစ္စတာမင်းကလေး ခမျာ ကံဆိုးလှစွာဖြင့် မီးတောက်ထဲသို့ ရောက်သွားသည်။ အချိန် အနည်းငယ် အတွင်း မင်း ကလေး တွန့်လိမ်ကောက်ကွေးကာ ပြာ ကျသွားသည်။

"အိမ်ပေါ်က ကိုယ်တော်ကြီးများ. . . ကယ်. . "

နောက်လှည့်ကြည့်လိုက်တော့ အိမ်မှာ မီးစွဲနေ သည်။ အိမ်ပေါ်က ကိုယ်တော်ကြီးတွေနှင့်အတူ သူပါ ပါ တော့မည်ဟု သိရသဖြင့် နတ်ကတော် မာမီကြီးမှာ မီးကြား ထဲမှ ကိုယ်လွတ် ရုန်းပြေးရသည်။ ခါးဝတ်ခါးစားမှ လွဲပြီး ဘာပစ္စည်းမှ ရမသွားပေ။ လူ မနည်းလွတ်အောင် ပြေးရ သောကြောင့် ဖြစ်သည်။

ထိုစဉ်က လောင်ကျွမ်းခဲ့သော ဂွတ္တာလစ် ရပ်ကွက် မီးကြီးထဲတွင် အိမ်ပေါင်းများစွာနှင့်အတူ ကြံတောသို့ ပို့တော့မည့်ဆဲဆဲ အလောင်းတစ်လောင်းနှင့် နတ်ကတော် ကြီးလည်း ဘယ်ရောက်လို့ ဘယ်ပေါက်သည်မသိ၊ ယခုတိုင် ပြန်မတွေ့ရတော့ပေ။

http://myanmarpyithar.net

## နတ်ရှူးတို့ကြောင်နိုင်ပေ(ဂ)

ကလေး အမိုက်အမဲသာမဟုတ်လူကြီး အမိုက်အမဲတွေလည်း အများကြီးရှိသည်။ သားအဖနှစ်ယောက်ရှိသည့်အနက် ဆယ့်တစ်နှစ်သာ ရှိသေးသောသားက တွေးခေါ် မြော်မြင်ရေးရှိသည်။ အသက်လေးဆယ်နား ကပ်နေသောအဖေက တွေးခေါ် မြော်မြင်ရေး မရှိ။

အဖေလုပ်သူက နတ်ကို မျက်စိမှိတ်ပြီး စွတ်ရွတ်ယုံသည်။ သားဖြစ်သူက ယုံသည်လည်းမဟုတ်၊ မယုံသည်လည်း မဟုတ်၊ စူးစူးစမ်းစမ်း လုပ်တတ်သည်။

"အဖေ. . . နတ်ရုပ်မျက်နှာတွေက မျက်လုံးပြူးပြူး၊ ပါးစပ်ပြဲပြဲ၊ မှောင်ကုပ်ကုပ်၊ စူပုပ်ပုပ်နဲ့ အိမ်ရှင်ကနှင်ချလိုက်တဲ့ အိမ်ငှားမျက်နှာအတိုင်းပဲနော်"

အဝိဉာဏက သစ်သားကို ဆေးခြယ်ထားသော အရုပ်ဖြင့် လူတွေယုံလာအောင် ကြောက်အောင် ခြောက်ရာတွင် နတ်ရုပ်မျက်နှာကို ပြုံးစိစိ လုပ်ထားလို့ မရ။ လိပ်ကျောကြောင်ကော်သလို ပြောင်ချော်ချော် ခြယ်ထားလို့ မဖြစ်။ လူတွေက မကြောက်ကြဘဲတွေဟုခေါ် ကုန်ကြမည်။

"ဟဲ့သား ဘာတွေလျှောက်ပြောနေတာလဲ၊ ကိုယ်တော်ကြီးတွေ ကြားသွားမှဖြင့် မင်း ဒုက္ခရောက် နေမယ်"

အဖေက သားကို ဟန့်သည်။ သားကလည်း ငယ်သာ ငယ်တယ် နာမည်က ကိုဖိုးသိဆိုသလို တော်တော်များများကို သိ ထားသည့်သားဆိုတော့. . .

"မကြားပါဘူးအဖေရာ၊ အဖေ့ကိုယ်တော်ကြီးတွေက ဒါလောက်အထိ နားမပါးပါဘူး၊ လက်ဖက် ငါးကျပ်ဖိုးတောင် ဝယ်မစားနိုင်ဘဲ သူများကျွေးမှ စားရတဲ့ ကိုယ်တော်ကြီးတွေပါ"

ခက်သည်။ ဒီကောင်လေးနှင့်တော့ အတော်လေး ခက်သေးသည်။ သည်တစ်ခါ ထင်းခုတ်သွားရမည့်တောက နတ်ကြမ်းသည်ဟု လူပြောများသည်။ ထင်းခုတ်သမား အချင်းချင်းကြားတွင် ထိုသတင်း ကြီးနေသည်။

ဘယ်သူတော့ ဘယ်အပင်အောက်မှာ ကျင်ငယ်စွန့်မိလို့ အလျားဘယ်လောက်ရှိတဲ့ မြွေကြီး ထွက်လိုက်သတဲ့။ ဘယ်ဝါတော့ ဘယ်တောင်ပို့နားမှာ ခွင့်မပန်ဘဲ အခင်းကြီးသွားမိလို့ ခေါင်းပေါ် သစ်ကိုင်းကျိုးကျတာ

ခေါင်းပေါက်မလို့ သီသီလေး လိုတော့တယ်တဲ့။

လောကသဘာဝ သူ့ဟာသူ တိုက်ဆိုင်လို့ ဖြစ်သမျှ နတ်ကလုပ်သည်၊ နတ်ကိုင်သည်၊ ဘာညာကွိကွ၊ နတ်ရှူးတွေက နတ်ကို ယုံလာအောင် နတ်ဝါဒဖြန့်ကြသည်။

ဒီသားအဖက ဆင်းရဲသည်။ ထင်းခုတ်ရောင်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုရသည်။ ဟိုတောဝင်ခုတ်လိုက်၊ ဒီ တောဝင်ခုတ်လိုက်။ တောအုပ်မှန်သမျှ သူတို့ ထင်းမခုတ်ဖူးသော သစ်တောဟူ၍ သိပ်မရှိတော့။ ကနေ့ ဝင်ရမည့်တောက နတ် ကြမ်းသည်။ သတင်းကြီးနေသော တောအသစ်။

"ဒီတောထဲမှာ ကုလားလိုပြောရင် နတ်က မကြိုက်ဘူး တဲ့၊ မင်းကလည်း စကားပြောရင် စွတ်ရွတ် ပြောတတ်တာနဲ့ ဒုက္ခပဲ၊ ကုလားလို ယောင်လို့တောင် မပြောမိအောင် သတိထားပါ ငါ့သား၊ တို့သားအဖ နှစ် ယောက် ဒုက္ခရောက်သွားမယ်နော်"

ဘာဖြစ်လို့ ကုလားလို မပြောရတာလဲ၊ နတ်နဲ့ ကုလားနဲ့ ဘယ်လို ပတ်သက်သလဲ၊ စသည်ဖြင့် သားက မစူးစမ်းတော့ နတ်အယုံလွန်သူ အဖေစိတ်ချမ်းသာအောင် 'ဟုတ်ကဲ့အဖေ၊ သား သတိထားပါ့မယ်' ဟု ကတိပေး လိုက်သည်။

အဖေက သစ်ပင်ရိပ် ကောင်းကောင်းအောက် တွင် ထမင်းထုပ် နှစ်ထုပ်နှင့်အတူ သားကို ထားခဲ့သည်။

http://myanmarpyithar.net

သစ်ပင်ခုတ် မည့်နေရာက ခြုံတွေထူသည်။ အဆိပ်ရှိသော သတ္တဝါတွေ ရှိနိုင်သည်။

"ထမင်းဆာလို့ စားတော့မယ်ဆိုရင် သစ်ပင်ပေါ် တက်ပြီး အဖေ့ကို လှမ်းအော်ခေါ်၊ ရှေ့နားလောက်မှာ အဖေ ခုတ်မှာ၊ သားနဲ့ သိပ်မဝေးဘူး"

"စိတ်ချသွားအဖေ၊ သားဆာမှ လှမ်းအော် ခေါ်မယ်"

သူ့အဖေတောအတွင်းပိုင်းသို့ ဝင်သွားသည်။ သားက သစ်ပင်ကြီးအောက်တွင် တုံးလုံးလှဲ၍ ကျောဆန့်သည်။ ကျောဆန့်ရာမှ မေ့ခနဲအိပ်ပျော်သွားသည်။ မလှမ်းမကမ်းနေရာမှ အဖေ သစ်ခုတ်နေသော အသံ၊ တဒုတ်ဒုတ်ကို နားစွင့်ရင်း အိပ်ပျော်သွားခြင်း ဖြစ်သည်။

အိပ်ကောင်းကောင်းနှင့် အိပ်လိုက်တာ မည်မျှ ကြာသွား သည်မသိ၊ နိုးလာတော့ နေက ခေါင်းပေါ်တည့် တည့်ရောက်တော့ မည်။ ဟိုက်- ရှာလပတ်ရည်၊ မွန်း တောင် တည့်တော့မှာပါလား၊ အချိန်မနည်းတော့၊ သည် တော့မှ ဗိုက်ဆာရကောင်းမှန်း သိလာသည်။

တဒုတ်ဒုတ်နှင့် သစ်ခုတ်နေသံကို မှန်မှန်ကြားရ ဆဲ။ အဖေက သစ်ခုတ်လို့ မပြီးသေး၊ သားက ဆာလှပြီ။ ဆာလွန်းလာတော့ သစ်ပင်ပေါ်တက်တည်။ အဖျားအထိ ရောက်အောင် တက်သည်။ သူ့အဖေ သစ်ခုတ်နေရာသို့ လှမ်းအော်ခေါ်သည်။

"အဖေရေ မွန်းတည့်တော့မယ်၊ သား ဆာလှပြီ၊ ခါနာ ခေါက်ရအောင်၊ လာဗျို့"

ဟိုက်- ရှာလပတ်ရည် အော်ပြီးမှ သတိသွားရသည်။ ဒီတောထဲမှာ ကုလားလို မပြောရဘူး၊ ပြောရင် နတ်က မကြိုက်ဘူး ဆိုပါလား၊ ခါနာဆိုတာ ထမင်းမဟုတ်ပါလား။

သားက ပြောပြီး ဘာဖြစ်မလဲ စောင့်ကြည့်သည်။ ဘာမှမဖြစ် နတ်ကိုင်ဖို့ နေနေသာသာ ပုရွက်ဆိတ်လေး တစ်ကောင်တောင် မကိုက်။ ခါချဉ်လေး တစ်ကောင်တောင် လက်ပေါ် မကျ။ ဒီနတ် နားလေးနေပုံရသည်။

တဒုတ်ဒုတ် သစ်ခုတ်သံ ရုတ်ခြည်းရပ်သွားသည်။ တောအုပ်တွင်းမှ ပေါက်ဆိန်ထမ်း၍ အဖေ သုတ်သီးသုတ်ပြာ ထွက်လာသည်။ အဖေ့ကြည့်ရတာ တစ်စုံတစ်ရာကို အကြီးအကျယ် ကြောက်လန့်နေဟန်။ မျက်စိမျက်နှာတွေ ပျက်နေသည်။

သားက အဖေမရောက်လာခင် သစ်ပင်ပေါ်မှ ပြန်ဆင်းသည်။ အဖေတို့များ မြင်လည်း မမြင်ရ၊ ဘာနတ်မှန်းလည်း မသိရသောနတ်ကို ဘယ်လောက် ကြောက်နေသည်မသိ။ ပေါက်ဆိန်ကြီးကို မြေကြီးပေါ် ပစ်ချရင်း သားကို ငေါက်လိုက်သည်ကား. . .

"ကုလားလို မပြောပါနဲ့လို့ ငါအတန်တန် မှာထားပါလျက် ထမင်းစားရအောင်လို့ မခေါ်ဘဲ ဘာခါ

နာခေါက်ရအောင်လို့ ခေါ်ရတာလဲ၊ ဒီတောထဲမှာ ကုလား လိုပြောတာ နတ်မကြိုက်ဘူးတဲ့၊ မင်းရော ငါရော နှစ် ယောက်စလုံး မာလကီးယားသွားမယ် ဘာမှတ်သလဲ”

# နတ်ရှူးတို့ကြောင်နိုင်ပေ(၈)

ဂုရုကွေးတို့ ခနေဖြူမြို့အထက် ဧရာဝတီ မြစ်ကမ်းနဖူးတွင် ရွာကြီးတစ်ရွာ ရှိသည်။ ထိုရွာမှာ အိမ်ခြေ အလွန်များပြီး စည်ကားသည်။ လျှပ်စစ်မီးရှိသည်။ ရုပ်ရှင်ရုံ ရှိသည်။ ရဲစခန်း ရှိသည်။ စာတိုက်ရှိသည်။ ကြေးနန်းရုံးပါ ပူးတွဲရှိသည်။

ရွာကြီးအဆင့်မှာ ကျော်လွန်၍ တိုက်နယ်ခွဲအဆင့်သို့ ရောက်နေသည်။ လမ်းအချို့မှာ ကတ္တရာ ခင်းထားသည်။ မကြာမီ မြို့အဆင့်သို့ တိုးမြှင့်ပေးတော့မည်။ မူလတန်းကျောင်း ငါးကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်းနှင့် တွဲဖက် အထက်တန်းကျောင်း တစ်ကျောင်းပါ ရှိနေသည်။

ရွာသည်လောက်ကြီးပြီး အိမ်ခြေများနေပြီ

ဆိုမှတော့ လူဦးရေ များသည်နှင့်အမျှ ထိုအထဲတွင် နတ်ရှူး အုပ်စုလည်း အထိုက်အလျောက် ပါလာသည်။

သူတို့ ဆည်းကပ်ရာ၊ အားကိုးရာကား နတ်ကတော်ကြီး ကျင်ဆောင်။ ကျင်ဆောင်သည် အခြား ဘာအလုပ်မှ မလုပ်ဘဲ နတ်အလုပ်တစ်ခုတည်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည်။

ပစ္စည်းပျောက်သလား၊ ကျင်ဆောင့်ဆီသွား၊ ကလေး နေမကောင်းဘူးလား ကျင်ဆောင့်ဆီသွား၊ ကန္နားပေးချင်သလား ကျင်ဆောင့်ဆီသွား။ ကျင်ဆောင်က နတ်နှင့်ပတ်သက်ပြီး အကုန် လုပ်သည်။ အစုံလုပ်သည်။

ထူးဆန်းသည်ကား. . .

ကျင်ဆောင် နတ်ဟောသဖြင့် ပျောက်သော ပစ္စည်း ပြန် ရသည်ဟု တစ်ခါမျှ မကြားဘူး။ ကျင်ဆောင် နတ်ကု ကုပေးသဖြင့် နေကောင်းသွားသော ကလေး ဟူ၍လည်း တစ်ယောက်မှ မရှိဘူး။

ပစ္စည်းပျောက်သူသည် နောက်ဆုံးတော့ ရဲစခန်း သွား အမှုဖွင့်ရတော့သည်။ နတ်က လုပ်မပေးနိုင်သော အမှုကို ရဲက လုပ်ပေးသည်။ တရားခံဖော်ပေးသည်။

ကလေးနေမကောင်းသူသည် နောက်ဆုံးတော့ ဆေးဆရာဆီ ရောက်ရသည်။ နတ်က ကုမပေးနိုင်သော ရောဂါကို ဆေးဆရာက ကုပေးသည်။ တစ်ခါက ထိုရွာကြီး တစ်ရွာလုံး ဟားစရာ ကြုံရသည်ကား. . .

နတ်ကတော် ကျင်ဆောင် ရဲစခန်းသို့ ပျာယီး ပျာယာ ရောက်လာပြီး. . .

"အောင်မလေး. . . ရဲကြီးတို့ရယ်၊ လုပ်ကြပါဦး၊ လုပ်ကြပါဦး"

ငိုတော့မလိုအသံဖြင့် အကူအညီတောင်းသည်။ နောက်တောက်တောက် ရဲသားလေး တစ်ယောက်က. . .

"ဘာလုပ်ရမှာလဲ၊ ကိုကျင်ဆောင်ရဲ့ ခင်ဗျားဥစ္စာ အရင်း မရှိ၊ အဖျားမရှိ"

"အရင်းလည်း ရှိတယ်၊ အဖျားလည်း ရှိတယ်၊ ကျွန်မ နတ်ရုပ်တစ်ရုပ်ပျောက်သွားလို့ရှင့်၊ သန်ဘက်ခါ ကန္နားပွဲ ရှိတယ်၊ တစ်ရုပ်လိုနေရင် သုံးဆယ့်ခုနစ်မင်း မစေ့ဘဲ သုံးဆယ့်ခြောက်မင်း ဖြစ်တော့မယ်"

"ဘာနတ်ရုပ် ပျောက်တာလဲ"

"မမနဲ့ အရုပ်ရှင့်"

"သူလည်း အရွယ်ရောက်လာလို့ လင့်နောက် လိုက်သွားတယ်နဲ့ တူပါတယ်နော်"

တကယ်တော့ ရွာသားထဲက လူနောက်တချို့က တမင်ခိုးပြီး ဖွက်ထားခြင်း ဖြစ်သည်။ ကျင်ဆောင် ရဲစခန်းက ပြန်လာတော့ မမနဲ့က အိမ့်ဖိနပ်ချွတ်မှ မတ်တပ်ကလေး ရပ်ကြိုနေသည်။ ဘာပြောကောင်းမလဲ၊ ကျင်ဆောင်ဆဲ လိုက်တာ ညစ်ညစ်ပတ်ပတ် ပေါက်ပေါက်ရှာရှာတွေ ပွက် သေးကြမ်းသွားသည်။

ဧရာဝတီမြစ်သည် မိုးတွင်းတွင် ရေစီးကြောင်းပြောင်းတတ်သည်။ ရေစွယ်တွေ ထိုးတတ်သည်။ တစ်နှစ်တွင် ရေစွယ် တစ်စွယ် ထိုရွာတောင်ဖျားသို့ ထိုးလာသဖြင့် ကမ်းတွေ တဝုန်းဝုန်း ပြိုသည်။

ရွာတောင်ဖျားတွင် ကိုင်းလုပ်နေသော နတ်ရူးတစ်ယောက် ရှိသည်။ သူက ကျင်ဆောင့် တပည့်၊ ကျင်ဆောင့်ကို အား ကိုးသည်။ ကမ်းက တဝုန်းဝုန်း တပြုန်းပြုန်း အပြိုကြမ်းလာတော့. . .

"မမရေ ကျွန်တော့်ကိုင်းတော့ မြစ်ထဲပါတော့မယ်။ ကမ်းပြိုတာ ရပ်သွားအောင် လုပ်ပေးပါ"

နတ်ကျင်ဆောင်က ငါးသလဲထိုး အပြုံးလေးပြုံး၍

"မပူနဲ့. . . ကိုယ်တော်ကြီး ကိုယ်တော်လေးတို့ ရှိတယ်၊ သူတို့အမိန့်နဲ့ မမ တားပေးမယ်"

ဟိုက်- ရှာလပတ်ရည်၊ သဘာဝဘေးအန္တရာယ် ရေစွယ်မျိုး၊ ရေတိုက်စားလို့ ကမ်းပြိုတာကို ကိုယ်တော်ကြီး ကိုယ်တော်လေး အမိန့်ဖြင့် နတ်ကျင်ဆောင်က တားပေးမယ် ဆိုပါလား။

မည်သို့ပင်ဖြစ်စေ ထိုသတင်းမှာ တောမီးပမာ ပျံ့နှံ့သွား သဖြင့် တစ်ရွာလုံးနီးပါး ဧရာဝတီမြစ်ကမ်းနဖူးသို့ ရောက်နေကြ သည်။ ကမ်းပြိုတာကို အပြိုရပ်သွားအောင် နတ်ကျင်ဆောင် ဘယ်လိုတားမည်နည်း။ စိတ်ဝင်စားကြလွန်းလို့ပါ။

http://myanmarpyithar.net

နတ်ကျင်ဆောင်က ဇာတ်မင်းသားလား တင်စား ရလောက်အောင် ဝတ်ထားသည်။ ခေါင်းမှာ ဗောင်းတော် အဖြစ် ပိတ်စအနီအရှည်ကြီး ပတ်ထားသည်။ နားနှစ်ဖက် တွင် အစနှစ်စ ချထားသည်။ လက်ထဲမှာ ကြိမ်လုံးအနီလေး ကိုင်လို့။

"ဟဲ့-ကမ်းပြိုနေတာ အခုရပ်လိုက်၊ ကိုယ်တော် ကြီး အမိန့်"

ကမ်းက ကိုယ်တော်ကြီးကို မသိသလို ကိုယ်တော် ကြီး အမိန့်ကိုလည်း အရေးမစိုက်ပါ။ နတ်ကျင်ဆောင် အမိန့်ပေးပါမှ ဝုန်းခနဲ ပြိုသွားသည်။ လူအုပ်ကြီးက ဝါးခနဲ ရယ်သည်။

"တယ်. . . ဒီကမ်းဟာ နာတော့မယ်နော်၊ ပြိုနေတာ ချက်ချင်းရပ်လိုက်စမ်း၊ ကိုယ်တော်လေးအမိန့်"

ကမ်းက ကိုယ်တော်လေးကို မသိသလို ကိုယ် တော်လေး အမိန့်ကိုလည်း ဂရုမစိုက်ပါ၊ ဝုန်းခနဲ ပြိုသွားစဉ် လူအုပ်ကြီးက ဝါးခနဲ ရယ်သည်။

အမိန့်မနာခံသောကမ်းအတွက် နတ်ကျင်ဆောင် ရှက်လာပုံရသည်။ တတိယအကြိမ် အမိန့်ပေးသောအခါ လေသံ ပိုမာလာသည်။ အမိန့်ပေးပုံ ပြောင်းသွားသည်။

"ပြိုနေတဲ့ ကမ်း. . အခုရပ်၊" နတ်ကျင်ဆောင်ပါ ပါသွားသည်။

"ဟာ. . . လုပ်ကြပါဦးဟေ့၊ ဒီလူ ရေမကူး တတ်

ဘူး၊ ဆယ်ကြပါဟ”

နတ်ကျင်ဆောင် ခွေးရေနစ်သလို မြုပ်သွားလိုက်၊ ပြန် ပေါ်လာလိုက်၊ ဝူးဝါးဝူးဝါး ဖြစ်နေသည်။ ခေါင်းပေါင်းတွေ၊ အင်္ကျီ တွေ၊ တောင်ရှည်ပုဆိုးတွေ ရေထဲပါကုန်သည်။ ရွာသားနှစ်ယောက် ခုန်ချကာ ဆင်းဆယ်သည်။

သေတော့မလို့၊ ကံကောင်းလို့၊ ဦးစွန်းဖုတ် ဆွဲမိသဖြင့် နတ်ကျင်ဆောင် ပြန်ပါလာသည်။ လူပါလာ သော်လည်း အဝတ်အစားတွေ ရေထဲကျန်ခဲ့သည်။ အောက်ခံဘောင်းဘီ လန်ကွတ်တီ ကလေးသာ ပါလာသည်။ ထိုနေ့မှစ၍ ထိုရွာကြီးတွင် နတ်ကျင် ဆောင်ကို နတ်ဖင်ပြောင်ဟု ခေါ်ကြလေသတည်း။

# နတ်ရူးတို့ကြောင်နိုင်ပေ(၉)

ကြက်တူရွေးကတော်တော်ရယ်၊ မယ်ဘော်က ခပ်သဲသဲ စကားကဲ့သို့ပင် နတ်က တော်တော်ရယ်၊ နတ်ကတော်က ခပ်သဲသဲ အဖြစ်တစ်ခု ဖြစ်ခဲ့ဖူးသည်။

ဖြစ်တာက တောင်ဥက္ကလာပရပ်ကွက်တစ်ခုမှာ ဖြစ်တာပါ။ နှစ်ကာလအားဖြင့် ခြောက်နှစ်လောက်က ဖြစ်ခဲ့ခြင်း ဖြစ် သည်။ ထုံးစံအတိုင်း နတ်ရူးတစ်ယောက်က နတ်ကန္တားပေးသည်။

အတိတ်ကံ အကျိုးပေးကြောင့် စီးပွား အတန်အသင့် တိုးတက်လာသည်ကို ထိုနတ်ရူးက သူ့နတ်တွေက မ,လို့ဟု ယူဆသည်။ သည့်ထက်သည် ပို၍ပို၍ မ,စေရန် သူ၏ နတ်များကို ကန္တားပေးသည်။

နတ်ပွဲလုပ်ပြီဆိုမှတော့ နတ်ကတော်တွေ ပါလာရပြီ။ ထို နတ်ကတော်တွေလည်း ပါလာသည်။ နတ်နှင့် ဘယ်

တော့မှ မခွာ၊ အမြဲတမ်းတွဲနေသည်။ မပါသော နတ်ပွဲဟူ၍ ရှိလိမ့်မည်မထင်။ နတ်ပွဲမှန်သမျှ ပါသည်။ မပါပါက နတ်ပွဲ အင်္ဂါမပြောက်။

ကန္နားပေးသောအိမ်မှ အိမ်ထောင်ဦးစီးကိုယ်တိုင် စာ ကောင်းကောင်း မတတ်။ ဆံပင်ညှပ်သမားဘဝမှ တောလုပ် တောင်လုပ် လျှောက်လုပ်ရင်း အတန်အသင့် စီးပွားတက်လာ သည်။

နတ်ရူးသည်မှာ သူချည်းသာလော၊ မဟုတ်သေး၊ သူ့ မယားကလည်း နတ်ရူး၊ သူ့မွေးစားသားကလည်း နတ်ရူး။ တစ် အိမ်လုံး မိသားစုတစ်စုလုံး နတ်ရူးတွေချည်း ဖြစ်သည်။

တကယ်နပ်သည်မှာ သစ်သားကို အရုပ်ထုပြီး ဆေးခြယ်၊ အဝတ်ဝတ်ပေးထားသော နတ်ရုပ်တွေ မဟုတ်၊ ငွေတွေ ထောင်သောင်းချီပြီး အကုန်အကျခံကာ ကန္နား ပေးသော နတ်ရူး မိသားစုလည်း မဟုတ်။ နတ်ကခြင်း အလုပ်ဖြင့် ဖွတ်ကလိဒင်္ဂါးတွေ အထွေးသားရနေသော နတ်ကတော်များသာ ဖြစ်သည်။ နတ်ထက် နပ်သော နတ် ကတော်တွေပါ။ တကယ် နပ်တာ များတို့ပါ ဟု ကြွေးကြော် ဖို့ ကောင်းနေသည်။

နတ်ဝင်သည်တွေထဲတွင် အသက် သုံးဆယ် ကျော်၊ အသားမည်းမည်း၊ နှုတ်ခမ်းတွဲတွဲ၊ သွား အနည်းငယ် ခေါပြီး အရုပ် ကလန်ကလားမှာ အားလုံးထဲတွင် အသည်း

ဆုံး၊ အပျော့ဆုံး ဖြစ် သည်။ နတ်ပျော့ရှော့ဟု ဆိုကြပါစို့။

"ထူးလည်းထူးတယ်၊ မြူးလည်း မြူးတယ် တို့ ကိုကြီးကျော်"

သူနတ်ဝင်လျှင် သည့်ပြင် လူတွေထက် ပိုသည်း သည်၊ ပိုကဲသည်၊ ရိုးရိုးမကဘဲ ခြေကားရား လက်ကားရား ဖြင့် ခုန်ခုန်က,သည်။ နတ်ကန္နား မိုးထားသော ကျူဖျာကို ခေါင်းဖြင့် ထိလုမတတ် ခုန်ခုန်က,သည်။

နတ်ပွဲ၏ ဒုတိယနေ့ နေ့လယ်ခင်း. . .

ကန္နားပေးနေသော အိမ်ဘေးမှ အိမ်တွင် ခွေး တွေရှိသည်။ ခွေးထီး၊ ခွေးမ၊ ခွေးပေါက်စတွေပါ အားလုံး ခြောက်ကောင်။ ခွေးတွေက ဟောင်ရုံသာ ဟောင်သည်။ မကိုက်တတ်ကြ။ ခွေးလေ ခွေးလွင့်တွေကို အိမ်ရှင်က ကျကျနန ကျွေးမွေးကာ မွေးထားခြင်း ဖြစ်သည်။

"သိမယ်. . . ငါ့အကြောင်း သိမယ်"

လန်ဘား သွားခေါ်နတ်မှာ ဘာနတ် ဝင်သည် မသိ။ အိမ် ထဲတွင် ခုန်ပေါက်က,နေရာမှ သိမယ်၊ ငါ့ အကြောင်း သိမယ်ဟု အော်ကာ အိမ်ပေါ်မှ ဆင်းလာ သည်။ လမ်းဘေးမှာ ထွက်က, သည်။

အိမ်ရှင် နတ်ရူးက တိုက်ပုံအင်္ကျီအပြာလေး ဝတ် လျက်၊ ထို သွားသော နတ်ကို လက်အုပ်ချီ၍ နောက်က ပါသွားသည်။ ဆိုင်းက အိမ်ထဲက တီးပေးနေသည်။ နတ်က အရက်ပုလင်းကိုင်၍ လမ်းဘေးမှာ က,နေသည်။

"အမိုက်အမဲလေးတွေကို ခွင့်လွှတ်ပါ"

အသက်ခြောက်ဆယ်နား နီးနေသော အိမ်ရှင်နတ်ရူးက အမိုက်အမဲလေးတွေကို ခွင့်လွှတ်ပါ တောင်းပန်သည်။ သေခါနီး နေသည်အထိ ဘုရား၊ တရား သတိမရဘဲ ဘာမဟုတ်သော ၃၇ မင်းတွေကို ရှိခိုးနေသူက သူ့ကိုယ်သူ အမိုက်အမဲဟု ဆိုသည်မှာ မှန်သောစကားကို ဆိုခြင်း ဖြစ်သည်။ ရတနာသုံးပါးကို ကိုးကွယ်ရမည့်အစား တကယ် မိုက်မဲလို့သာ နတ်မိစ္ဆာတွေကို ကိုးကွယ်ခြင်း မဟုတ်ပါလား။

"သိမယ်၊ ငါ့အကြောင်းသိမယ်"

နတ်ဟော့ရှော့က သောင်းကျန်း၊ နတ်ရူးက တောင်းပန်၊ နတ်ဆိုင်းက တရကြမ်းတီး။ ယင်းသို့လျှင် ဆူပွက်လောရိုက်နေစဉ် ဘေးအိမ်က ခြံတံခါးဖွင့်ပြီး ခွေးအုပ်ကို လွှတ်ပေးလိုက်သည်။

"ဖေကျော်လာရင် အရက်ပုလင်းပေး"

"ဝုတ်. . ဝုတ်. . ဝုတ်. . ဝုတ်. . ဝုတ်"

"ဖေကျော်လာရင် ဝုတ်. . ဝုတ်. . ဝုတ် အောင်မလေး တော့ လုပ်ကြပါဦး၊ လုပ်ကြပါဦး"

ခွေးမျက်စိနောက်အောင် ခုန်ပေါက်ကာ က,နေသော နတ်သွားခေါ်ကို ခွေးတွေ အုပ်လိုက်ဝိုင်းဆွဲသည်။ တောင်ရှည် ပုဆိုး ပြဲသွားသည်။ ဘယ်ဘက်ခြေသလုံး ညာဘက် ခြေသလုံးပါခွေးတွေ ဝိုင်းကိုက်သဖြင့် ပေါက်ပြဲ

ဒဏ်ရာတွေ ဗရပွရကုန်သည်။

"ဟဲ့ ခွေး. . . ဟဲ့ ခွေး. . ."

အိမ်ရှင် နတ်ရူးက မောင်း၏။ ခွေးအုပ်က အရေး မစိုက်၊ ကိုက်ကောင်းတုန်း။

နတ်က အော်အော်ဆဲသည်။ ခွေးတွေက အရေး မစိုက်၊ ကိုက်ကောင်းတုန်း။ နောက်ဆုံးတော့ ဆိုင်းသမား တွေ ဆိုင်းတီး ရပ်ကာ ဝိုင်းမောင်းမှ ခွေးအုပ် ရှဲသွားသည်။

"အောင်မလေး. . . နာတယ်၊ နာတယ်. . . ဆေးခန်းပို့ပါ"

ဝင်နေသောနတ်မှာ ဘယ်အချိန်က ထွက်သွား သည် မသိ၊ သွားခေါ် နတ်က နာတယ်၊ နာတယ် အော်နေ သဖြင့် ဆိုက်ကားငှားပြီး ဆေးခန်းပို့ရသည်။ ကျန်ခဲ့သော နတ်တွေက ပွဲမပျက် အောင် ဆက်ထိန်းပြီး က,ပေးသည်။

"ဘယ့်နှယ်လဲ. . . သိမယ်၊ သိမယ် ဆိုတဲ့ နတ်၊ အခု ငါ့ခွေးတွေအကြောင်း သိသွားပြီ မဟုတ်လား"

ဘေးအိမ်က အိမ်ရှင်က ထိုအကြောင်းကို ဂုရု ကွေးအား အရင်းအတိုင်း ပြန်ဖောက်သည်ချသည်။ ထိုစဉ် က ဂုရုကွေးသည် ဂီတပဒေသာမဂ္ဂဇင်းတွင် ခေတ်ဆွေး အဆိုတော် ကွေးရှင်ကြီး ပင်တိုင်ဇာတ်ကောင် အဖြစ် လစဉ် ရေးနေသည်။ ထိုအကြောင်းကို ဟာသပြန်ကာ ခေါင်းစဉ်တပ် လိုက်သည်ကား. . .

"ခွေးကိုက်ခံရသော နတ်" ဟူသတည်း။

# နတ်ရူးတို့နိဂုံး

တောင်းရက်လျှင် အစတွေ ထိုးထိုးထောင်ထောင် နှင့် ဖွာလန်ကြဲ နေတတ်သည်။ တောင်းပြီး သွားသောအခါ အကွပ်ဖြင့် ချုပ်ရသည်။ သို့ဖြင့် တောင်းမှာအကွပ်ဟူသော စကားစဉ် တွင်ခဲ့သည်။

ပန်းစကားတွင် 'နတ်ရူးတို့ ကြောင်နိုင်ပေ' ခေါင်းစဉ်ငယ်ဖြင့် နံပါတ်စဉ်တပ်ပြီး ရေးလာခဲ့သည်မှာ ပြီးခဲ့သော အပတ်တွင် ကိုးပုဒ်ပြည့်ခဲ့ပြီ။ ကိုးနဝင်း ကျေသွားပြီ။ တောင်းမှာအကွပ် ထည့်သလို နတ်ရူး စီးရီးရှည်ကြီးကို လည်း အကွပ်ထည့်ရမည်။

## ၃၇မင်း၏ နောက်ခံကား

နတ်တကာထဲတွင် အဆင့်အတန်း အနိမ့်ဆုံးနတ်

http://myanmarpyithar.net

မှာ ၃၇မင်း ဖြစ်သည်။ သူ့ထက် နိမ့်ကျတာဆို၍ အိမ်သာ စောင့်နတ်ပဲ ရှိတော့သည်။ ၃၇မင်း နတ်မှန်သမျှ အစိမ်း သေသေပြီး နတ်ဖြစ်သူများ၊ သူတစ်ပါး လက်ချက်ဖြင့် ရှော ဘရားသားပြီး နတ်ဖြစ်သူများ သေရသောသူတွေချည့် ဖြစ်သည်။ ၃၇မင်း သမိုင်းကို ဖတ်ကြည့်ပါ။ ဝတ္ထုတွေ အတော်များများမှာ ဆိုးတွေချည့် ဖြစ်နေ သည်။

## မကြောက် ကြောက်အောင်မြောက်

၃၇မင်းနတ်ရုပ်တွေ မကြောက်ကြောက်အောင် ဘယ်လို ခြောက်ထားသနည်း။ စိတ်ဓာတ်ရေးရာ (ဆိုက်ကို) နည်းကို ဘယ်လိုသုံးထားသနည်း။ (၁) နတ်ရုပ်မျက်နှာ တွေကို မျက်လုံးပြူးပြူး ပြူးတူးပြဲတဲတွေ လုပ်ထားသည်။ (၂) ဓားကိုင်ထားသည် စီးတော်ကျား ပါသည်၊ ကျွဲခေါင်း ဆောင်းထားသည်။ (၃) နတ်သုံးအရောင် အဖြစ် အနီ ရောင် (အပူရောင်) ကို သုံးထားသည်။ (၄) နတ်ကတော် များ၊ နတ်နှင့် လုပ်စားသူများက မကြောက် ကြောက် အောင် ခြောက်ပေးသည်။ (၅) နတ်ဆိုင်းမှာ စည်တို့ ပတ်မ မြိုင်မြိုင်ဖြင့် စိတ်ကို ဆွပေးသည်။ အရုပ်ရယ်၊ အရောင် ရယ်၊ အရက်ရယ်၊ အတီးရယ် ပေါင်းမိသောအခါ ကန္တားပွဲ များတွင် နတ်များ ခုန်ကြ က,ကြသည်မှာ ဘာဆန်းမည် နည်း။ နတ်ဆိုင်း၊ အတီး ကောင်းလျှင် နတ်ရှူးမဟုတ်သည့် ရိုးရိုးလူတွေပါ က,ချင်ခုန်ချင် လာတတ်သည်။

# သတ္တိရှိလျှင် လုပ်ကြည့်ပါ

နတ်ရူးတွေ နတ်မကြောက်အောင် အောက်ပါ အချက်များကို သတ္တိရှိလျှင် လုပ်ကြည့်ပါ-

၁။ နတ်ရုပ် မျက်နှာများကို တွတ်ပီပုံ၊ ဗိုက်ကလေးပုံ၊ မသေး မျှင်ပုံ၊ သမိန်ပေါသွပ်ပုံ၊ ညောင်ရမ်းဂွတိုပုံ၊ ဦးရှုံစားပုံ၊ ဦး ဒိန်းဒေါင်ပုံ၊ ရှင်ဝွမ်းဂွိပုံ၊ စိန်မျောက်မျောက်ပုံ၊ လူသိများ သော ကာတွန်းမျက်နှာမျိုး လုပ်ကြည့်ပါ။

၂။ နတ်သုံးအရောင်အဖြစ် အပြာရောင်၊ အစိမ်းရောင်၊ အအေးရောင်များ သုံးကြည့်ပါ။ ကန္နားနဖူးစီးကို အနီရောင် မသုံးဘဲ အပြာ၊ အပြာနု၊ အစိမ်းရင့်၊ အစိမ်းတို့ကို သုံးကြည့် ပါ။

၃။ နတ်ဆိုင်းကို စည်တို့၊ ပတ်မ မသုံးဘဲ တယော၊ မယ် ဒလင်၊ ပတ္တလား၊ ကလဲနက်တို့ဖြင့် တီးမှုတ်ကြည့်ပါ။ လူ တွေ စိတ်ကြွ အောင် ပံ့ပိုးပေးတတ်သည့် ဒရမ်ဆက်ကို မသုံးပါနှင့်။ တွံတေး စိုးအောင်၏ မြန်မာသံအခွေတွေ ဖွင့်ပြီး နတ်က,ကြည့်ပါ။

## နတ်ကို ဆန့်ကျင်ခဲ့သူများ

ပုဂံခေတ်တွင် အနော်ရထာမင်းမြတ်သည် ထေရ ဝါဒ သာသနာတော်ကြီးကို မျိုးစေ့ချပေးခဲ့သည်။ သာသနာ တော်၏ အနှောင့်အယှက် အဖျက်အမှောင့်များ ဖြစ်သော

အရည်းရှင်ယောင်တို့ကို လုံးဝ အပြီးတိုင် ချေမှုန်းခဲ့သည်။ တစ်ဆက်တည်းတွင် ပုဂံတစ်ခွင်ရှိ နတ်စင်များမှ နတ်ရုပ်တွေကို ဖယ်ရှားစေပြီး (နတ်လှောင်ကျောင်း) ဆိုသော အဆောက်အဦးထဲတွင် ထည့် လှောင်ထားခဲ့သည်။

အင်းဝခေတ်တွင် ရှင်မဟာသီလဝံသ ဆရာတော် အရှင်မြတ်က ပါရမီတော်ခန်းပျို့၌-

(ကာလရှည်လျား၊ လူ့ငနွားတို့၊ ကြီးမားယုတ်မာ၊ နတ်မိစ္ဆာကို၊ ဘိုးလားဘွားဘက် မွေးသားဆက်၍၊ မပျက်ခုတိုင်၊ နတ်ခရိုင်နှင့် ပန်းဆိုင်ရေမျိုး၊ ဆယ်စုံဖြိုးသား၊ မြတ်နိုးနှစ်သက်၊ အနက် အနီ. . . (လ) . . . ချမ်းသာဆင်းရဲ၊ လေးစမြဲဟု၊ စိတ်ထဲ ထင်မှတ်၊ ငါတို့နတ်ကို. . . )

ဟု ရေးသားဆုံးမခဲ့သည်။ နတ်ကိုးကွယ်သူများကို (လူ့ ငနွား) ဟု ရှက်သွားအောင် အမည်ပေးခဲ့၏။ ကံကံ၏အကျိုးကြောင့် ဆင်းရဲရသည်။ ချမ်းသာရသည်ကို လက်မခံသော နတ်ရူးတွေက သူတို့ နတ်ကြောင့် ချမ်းသာသည်ဟု အစွဲကြီးကြပုံကို (ငါတို့နတ်) အသုံးအနှုန်းဖြင့် ထင်ရှားစေခဲ့သည်။

အိမ်စောင့်အစိုးရ လက်ထက်က ကွက်သစ်တွေ ဖျက်ပြီး တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သာကေတမြို့သစ်တွေ တည်ဆောက်ပေးခဲ့သည်။ ကွက်သစ်တွေနှင့် အတူ စည်ပင်သာယာပိုင် မြေပေါ်တွင် ကျူးကျော်နေရာယူထားသော နတ်စင်တွေကို ဖယ် ရှားပစ်သည်။ နတ်ရုပ်တွေ

ကို မြို့တော်ခန်းမအောက်ထပ်မှ အခန်း လွတ် တစ်ခန်းထဲတွင် စုပုံ ထည့်ထားခဲ့သည်။ ပုဂံခေတ်က (နတ် လှောင်ကျောင်း) ကို အမှတ်ရဖွယ်ရာပင်။ စည်ပင်သာယာကို ကိုင်ခဲ့သော ဗိုလ်မှူးကြီးထွန်းစိန်၏ နတ်ကို အပြတ်ရှင်းခဲ့ခြင်းအား ဤစာမူတွင် မှတ်တမ်းတင်ပါသည်။

## ဆရာကျော်မြသန်းနှင့် အခြားအခြားသော

နတ်ကို ဆန့်ကျင်ရာတွင် ဆရာကျော်မြသန်းကိုလည်း ချန်ထားလို့မရ။ ဆရာရေးခဲ့သော နတ်ကတော်စိန်မျက်ခုံးနှင့် ကန္တာရစီး မောင်မောင်လတ် စာအုပ်နှစ်အုပ်မှာ ၃၇မင်းနတ်များနှင့် နတ်ကတော်များ၏ အတွင်းရေးများကို ဖွင့်ချထားသည်။

ဆရာကျော်မြသန်းသာမက ဝတ္ထုတိုတစ်ပုဒ်၊ ကဗျာ တစ်ပုဒ်၊ ကာတွန်းတစ်ကွက်ဖြင့် နတ်ဆန့်ကျင်ရေး လုပ်ခဲ့ကြသော စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာများကိုလည်း ကျေးဇူးသိစွာဖြင့် မှတ်တမ်းတင်လိုက်ပါသည်။

## နတ်ရှုးတို့ ကြောင်နိုင်ပေ. . .

ဂုရုကွေးရေးခဲ့သမျှ နတ်ရှုးစီးရီးများတွင် အမှတ် (၁) မှလွဲ၍ (၂)မှ (၉)အထိမှာ တကယ့်ဖြစ်ရပ်မှန်များချည့် ဖြစ်သည်။ သားအဖနှစ်ယောက် သစ်ခုတ်သွားသောအပုဒ်

မှာ ပုံပြင်ဟာသ ဖြစ်သည်။ ထိုဖြစ်ရပ်များတွင် ပါဝင်ခဲ့ကြသူများမှာ သေသူလည်း သေခဲ့ပြီ။ ကျန်သူတွေလည်း ကျန်နေသေးသည်။ ကာယကံရှင်များ မထိခိုက်အောင် နာမည်ပြောင်းထားပါသည်။

မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားသော နိုင်ငံဖြစ်သည်။ ထေရဝါဒအရ ကိုးကွယ်ရာ အစစ်အမှန်မှာ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး ဖြစ်သည်။ ရတနာသုံးပါးကို ကိုးကွယ်ဖို့ သတိမရဘဲ ရသည့်တိုင် တော်ရိလျော်ရိသာ ကိုးကွယ်ပြီး ဘာမဟုတ်သည့် သစ်သားနတ်တွေကို ရေးကြီးခွင်ကျယ် လုပ်နေကြသော နတ်ရူးတွေကို ဂုရုကွေး အမြင်ကပ်နေတာ ကြာပြီ။

အပတ်စဉ်ထုတ် ဂျာနယ်နှစ်စောင်ပါ နတ်ရူးတွေ၏ တကယ့်ဖြစ်ရပ်မှန်သတင်းတိုနှစ်ပုဒ်ကို ဖတ်မိရာမှ နတ်ရူးတို့ ကြောင်နိုင်ပေ စီးရီးရှည်ကြီးကို ရေးဖြစ်သွားခဲ့သည်။ ထပ်၍ ဆို ရပါမည်။ ကိုးကွယ်ရာ အစစ်အမှန်မှာ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး ဖြစ်သည်။ ကိုးကွယ်ရာ အစစ်အမှန်ကို ကြည်ညိုရိုကျိုး ကိုးကွယ်ကြမည် ဆိုပါက ဤစီးရီးရှည်ကြီးကို ရေးရ ကျိုးနပ်ပြီး၊ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု၊ မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး အဓွန့်ရှည်ပါစေသတည်း။

## ကန္နားစီးဥက္ကလာတုတ်စာနှင့်အင်တာဗျူး

"တုတ်စာရှိလားဟေ့. . ."

အိမ်ပေါက်ဝတွင် ရပ်ပြီး ခုနစ်မောင်းတင်၍ ဟစ်လိုက်သော ဂုရုကွေး၏အသံကြောင့် တစ်အိမ်လုံး ယောက်ယက်ခတ် သွားသည်။ အတန်ကြာမှ (ရှိပါတယ်၊ ကျွန်တော်မျိုးမ တုတ်စာ ရှိပါတယ်) ညှောင်နာနာဖြေသံနှင့် အတူ အိမ်တံခါးပွင့်လာသည်။ တံခါးဝတွင် ယောက်ျားစင်စစ်ဧကန်ဖြစ်ပါလျက် အားနွဲ့တဲ့ မိန်းမသားလို ကနွဲ့ကလျ ရပ်နေသော ကန္နားစီး ဥက္ကလာတုတ်စာ. . .

"ဟောတော့ ဒုက္ခပါပဲ။ အကုသိုလ်တော့ အပြားလိုက် ကပ်ပါပြီ၊ ဂျာနယ်ထဲက ရေးလိုက်တာနဲ့တင် ကျွန်တော်မျိုးမတို့ ကြောက်ပြီးသားပါ၊ ခုလို အိမ်တိုင်ရာရောက်လိုက်လာတယ်ဆိုတော့. . ."

ဂုရုကွေးကို မြင်လိုက်သည်နှင့် အခြောက်တုတ်စာ ပျာနေအောင် ကြောက်သွားသည်။ ပက်ပင်းသား မိထားပြီ ဆိုတော့ ထွက်ပြေးလို့လည်း မရတော့။ ပြေးလျှင်လည်း မိုးမဆုံး၊ မြေမဆုံး မိစ္ဆာလက်စတုံးတောင် ဂုရုကွေးက လိုက်ချေမှုန်းမည် ဖြစ်သည်။

"အကုသိုလ် အပြားလိုက်ကပ်တာတွေ အလုံးလိုက် ဆောင့်တာတွေ၊ အတောင့်လိုက် ဝင်တာတွေ၊ ဒါတွေထား၊ အိမ်အထိ လိုက်လာတာက နင့်ကို ဗျူးစရာရှိလို့ လိုက်လာတာ၊ သစ်သားကို ပန်းပုထု၊ ဆေးခြယ်ပြီး နင်တို့ လုပ်စားနေတဲ့ အရုပ်တွေ နဲ့ ပတ်သက်ပြီး မေးစရာတွေ ရှိတယ်"

"ဟုတ်ကဲ့၊ မေးပါ. . . မေးပါ"

"နင်တို့အရုပ်တွေက မျက်လုံးပြူးပြူးတို့၊ ပါးစပ်ပြဲပြဲတို့၊ သွားခေါ်ခေါ်တို့ ဒါမျိုးတွေချည်းပဲ၊ ဓားထမ်းတာတို့၊ ကျားဘေးက ရပ်နေတာတို့၊ ခေါင်းမှာ ချိုနှစ်ချောင်းပေါက်နေတာတို့ ဒါတွေလည်း ပါသေးတယ်၊ ဒါက နတ်ယုံသူတွေ၊ အသိဉာဏ်အဆင့် နိမ့်တဲ့သူတွေကို တမင် မကြောက်၊ ကြောက်အောင် ချောက်ထားတာ မဟုတ်လား"

"ဂုရုကြီးကလည်း ဒီလို ပြူးချောက်၊ ဖြဲချောက်ထားမှ သူများတို့ အလုပ်ဖြစ်တာ၊ သူတို့ကြောက်ပြီး ကနားကြီး ပေးရမယ်၊ မပေးရင် ဘာဖြစ်မယ်၊ ညာဖြစ်မယ်၊ ဘာညာ ကွိကွ၊ ကနားခွင် ရိုက်လိုက်တော့. . . ဟော. . . သူများတို့လည်း ဖွတ်ကလိဒင်္ဂါး တွေ အထပ်လိုက်ရတယ်၊

သူများတို့နဲ့ ပူးတွဲလုပ်စားနေတဲ့ နတ် ဆိုင်းသမားတွေလည်း စို့စို့ပို့ပို့ ရတယ်"

"နင်တို့ အရုပ်တွေရဲ့ မျက်ခွက်ကို မိုးဒီတို့၊ မော့စ်တို့၊ အရိုင်းတို့၊ ကုသိုလ်တို့လို စပ်ဖြဲဖြဲရုပ်တွေ ထုကြည့်စမ်း၊ ဘာဖြစ်မလဲ"

"နတ်ယုံတဲ့လူတွေ ဘယ်ကြောက်တော့မလဲ၊ ရယ်ကုန်ကြမှာပေါ့၊ တမင် မကြောက်ကြောက်အောင် ချောက်ထားတာပါ လို့ ဆိုနေမှ. . . ဟင့်. . . သူများ ပြောရင်းပြောရင်းနဲ့ အတွင်းရေးတွေ ပေါ်ကုန်တော့မယ်"

"အေး. . . ငါကလည်း မပေါ်ပေါ်အောင် ဗျူးမှာပဲ၊ ကန္နားတွေမှာ နဖူးစည်းပိတ်စကို ဘာကြောင့် အနီရောင် သုံးသလဲ၊ နတ်ဝင်တာလည်း မဟုတ်၊ နတ်ပူးတာလည်း မဟုတ်၊ အင်ပြီး လိမ်ပြီး တစ်ကိုယ်လုံး ဓာတ်လိုက်ခံရသလို တုန်တုန် တုန်တုန် လုပ်တဲ့အခါ နင်တို့ ခေါင်းမှာ ဘာလို့ ပဝါနီတွေ ပတ်ထားတာလဲ၊ နင်တို့ ရင်ဘတ်မှာ ဘာကြောင့် ပဝါနီတွေ စည်းထားတာလဲ"

"ဂုရုကြီးကလည်း အနီရောင်က အပူရောင်လေ၊ လူ ကြောက်အောင် တမင် အနီရောင်ကို သုံးတာ"

"ကန္နားနဖူးစည်းကို အအေးရောင်ဖြစ်တဲ့ အစိမ်းနု၊ အပြာနုလေးတွေသုံးမယ်၊ ခေါင်းစည်းပဝါ၊ ရင်စည်းပဝါတွေကို အရောင်နုနု၊ အရောင်ဖျော့ဖျော့လေးတွေ သုံးမယ်ဆိုရင်. . ."

"နတ်တွေဟာ ကြောက်စရာမကောင်းဘဲ ဖက်နမ်းချင်စရာ ကောင်းသွားမှာပေါ့"

"ငါငယ်ငယ် ခနေ့ဖြူမှာနေကတည်းက ယိမ်းက, ဖူးတယ်၊ အရပ်ပြဇာတ်တွေ က,တယ်၊ ရွှေမန်းသဘင်မှာ ရှေ့ပိုင်းပြဇာတ် ဒါရိုက်တာ လုပ်ဖူးတယ်၊ ဇာတ်အကြောင်း၊ ဆိုင်းအကြောင်း အထိုက်အလျောက် တီးမိခေါက်မိတယ်၊ ဇာတ်ဆိုင်း၊ ဗလာဆိုင်း၊ နတ်ဆိုင်း ဆိုင်းသုံးမျိုးမှာ နတ်ဆိုင်းက ပတ်မများကို ထုရတယ်၊ စည်ကို များများ ခေါက်ရတယ်၊ ဒါဟာ နတ်က,နေတဲ့နင်တို့ကို မမြောက် မြောက်အောင် လုပ်ပေးတာပဲ၊ ဆိုင်းနဲ့ ပံ့ပိုးပေးရတာပဲ၊ နတ်ရှုးဗုံကပ် ရှေးစကားအတိုင်း နင်တို့ က,လို့ရအောင် ဗုံနဲ့ မြှောက်ပေးတာပဲ"

"မှန်ပါတယ် ဂုရုကြီး၊ ကန္နားပွဲမှာ ဘင်ဂျိုတွေ၊ မယ်ဒလင်တွေ၊ စန္ဒရားတွေ၊ တယောတွေ ခြောက်လုံးပတ်တွေနဲ့ သီချင်းကြီး တူရိယာအဖွဲ့လို လုပ်လို့မရဘူး၊ စည်တိုနှစ်လုံး၊ သုံးလုံးထားပြီး တမင် မဆူ ဆူအောင်၊ နား မညည်း ညည်းအောင်၊ အရပ်အခေါ် (ဆူတီး) ပေါ့၊ နာနာ တီးပေးရတယ်၊ နာနာခေါက်ပေးရတယ်၊ နတ်ဆိုင်း အဆိုတော်ကလည်း အသံကုန် အသံပြဲနဲ့ နာနာဆိုပေးရတယ်၊ ဆိုင်းသမားတွေကလည်း ဟေးလားဝါးလားနဲ့ နာနာအော် ပေးရတယ်၊ သူများတို့တတွေ နာနာအော်လေ ကန္နားရှင် နာနာ အထိနာလေ၊ ဖွတ်ကလိဒင်္ဂါးတွေ သိန်းချီ

နာပြီ မဟုတ်လား”

“ဆိုင်းသမားနဲ့ နင်တို့ပင်းပြီး ကန္တာရှင်ကို မြှောက်လုံး ကလေးတွေ၊ ပင့်လုံးကလေးတွေလုပ်တာ ငါသိထားတယ်၊ လေ့လာထားတယ်၊ ဥပမာ- တကာဆိတ်က ကန္တာ ပေးတယ် ဆိုပါ တော့၊ နင်တို့ ဘာဆိုသလဲ၊ (နေ့ရော ညရော အရောင်မမှိန် တကာဆိတ်တို့အိမ်) ငပျော့ ပေး တယ်ဆိုလည်း (နေ့ရောညရော အရောင်မမှိန် ဟာကြူလီ ငပျော့တို့အိမ်) ဒါပဲ မဟုတ်လား၊ ကန္တာရှင် နာမည်သာ ပြောင်းသွားတယ်၊ မြှောက်လုံးပင့်လုံးကတော့ ဒါပဲ”

“ဂုရုကြီးက အကုန်သိနေတော့ သူများတို့ ရှေ့ရေး ရင်လေးစရာပဲ. . .”

“ဘာမှ ရင်လေးမနေနဲ့ နတ်ကတော် အတွင်းရေး ဆိုပြီး နံပါတ်စဉ်တပ်ပြီး လျှောက်ရေးဖို့ အချက်အလက်တွေ စုထားပြီးပြီ၊ အလျဉ်းသင့်တဲ့အခါ ဂျာနယ်တစ်စောင်စောင် ကနေ ငါဖွင့်ချမယ်၊ နင်တို့ အရုပ်တွေမှာ ဘာ တန်ခိုးရှိ သလဲ”

“သူများတို့ ဒါတွေနဲ့ လုပ်စားနေတာပဲ၊ သူများတို့ အသိ ဆုံး၊ ဘာတန်ခိုးမှ မရှိဘူး”

“နတ်ယုံတဲ့လူတွေ၊ အသိဉာဏ် နိမ့်ပါးတဲ့လူတွေ ကို အရုပ်နဲ့ချောက်၊ အရောင်နဲ့ ချောက်၊ အတီးနဲ့ ချောက်ပြီး နည်းမျိုးစုံနဲ့ လုပ်စားနေတဲ့ နင်တို့တတွေ အရုပ်ကို ကြောက် သလား၊ ငါ့ကလောင်ကို ကြောက်သလား”

http://myanmarpyithar.net

ကန္နားစီး ဥက္ကလာ တုတ်စာသာမက သူ၏ တပည့်သားမြေးကလေးများပါ ကြမ်းပေါ်တွင် ပုဆစ်တုပ် ထိုင်ပြီး ဂုရုကွေးကို ဦးချကာ တညီတညွတ်တည်း ဖြေကြ သည်ကား. . .

"မြန်မာပြည်တစ်ဝှမ်းလုံးသာမက ကမ္ဘာ့နိုင်ငံ အသီးသီး အထိ ပေါက်ရောက်တဲ့ ဂုရုကြီးရဲ့ ကလောင်ကို ကြောက်ပါတယ်၊ သေမလောက် ကြောက်ပါတယ်"

http://myanmarpyithar.net

# အယူလွဲတဲ့ ငရဲမီးစာ

"အယူလွဲတဲ့ ငရဲမီးစာ သစ္စက ပရဗိုဇ် မလိမ္မာ"

ထီကားတစ်ကားမှ ဖွင့်နေသော သီချင်းသံသည် ဂုရုကွေးထံ လွင့်ပျံ့လာသည်။ သစ္စက ပရဗိုဇ်ကား အယူလွဲသူ ဖြစ်သည်။ မြတ်စွာဘုရားက ခန္ဓာငါးပါးတည်းဟူသော ရုပ်သည် အမြဲ မရှိ၊ အတ္တမဟုတ်၊ အနတ္တသာ ဖြစ်သည်ဟု ဟောကြားသည်ကို သစ္စကပရဗိုဇ်က ခန္ဓာငါးပါးသည် အတ္တဖြစ်သည်။ အနတ္တမဟုတ် မြဲသည်ဟု ဘုရားရှင်ကို အံတုဖက်ပြိုင် ငြင်းခုံခဲ့သည်။ ဘုရားရှင်က အတ္တနှင့် အနတ္တကို ဆစ်ပိုင်းမေးသောအခါ သစ္စက မပြောနိုင်တော့။ ဝါဒပြိုင်ပွဲတွင် တပည့်တော် မှားပါပြီဟု အရှုံးပေးသွား ရသည်။ ဘုရားရှင်၏ အောင်ခြင်းရှစ်ပါးတွင် သစ္စက ပရဗိုဇ်ကို အောင်ခြင်းမှာ ဒုတိယအောင်ခြင်း

ဖြစ်သည်။

"အယူလွဲတဲ့ ငရဲမိစ္ဆာ သစ္စက ပရဗိုဇ် မလိမ္မာ. . ."

သီချင်းသံက တစ်ကျော့ပြန် လွင့်ပျံ့လာပြန်သည်။ အယူ လွဲတာတွေ တခြား ဘာရှိသေးလဲ။ ၃၇မင်းနတ်များကို ယုံကြည် အားထား ကိုးကွယ်ခြင်းသည်လည်း အယူလွဲခြင်း ဖြစ်သည်။ ၃၇ မင်းနတ်များ၏ သေဆုံးပုံကို လေ့လာကြည့်သောအခါ ကျားကိုက်၍ သေသူ၊ မြွေကိုက်၍ သေသူ၊ ဆင်နင်း၍ သေသူ၊ ကျွဲခတ်၍ သေသူ၊ နွားခွေ့ခံရ၍ သေသူ၊ မီးတိုက်ခံရ၍ သေသူ၊ တာဝန် ပျက်ကွက်မှုကြောင့် မင်းပြစ်မင်းဒဏ်သင့်၍ သေသူ၊ အသေဆိုးဖြင့် မရှုမလှ သေခဲ့ကြသူများ ဖြစ်သည်။ ဘဝကူး ကောင်းစရာ အကြောင်းမရှိသောကြောင့် အယူတိမ်းပြီး မိစ္ဆာနတ်စိမ်းများ ဖြစ် ကြသည်။

သူတို့၏ အကျင့်စာရိတ္တကို လေ့လာကြည့်သောအခါ ပခန်းကိုကြီးကျော်သည် အရွယ်မရောက်သေးသော မငွေတောင် ဆိုသူလေးကို ခိုးယူပေါင်းသင်းပြီး ပစ်ထားခဲ့သည်။ ဦးမင်းကျော်ကား အရက်သမား၊ ကြက်သမား၊ လောင်းကစားသမား ဖြစ်သည်။ ဦးမင်းကျော်က ဖျက်ဆီးပြီး ပစ်ထားခဲ့သော မငွေတောင် ကလေးမှာ ဦးမင်းကျော်ကို မမေ့နိုင်။ တစ်နေ့တွင် အစ်ကိုအရင်း ဖြစ်သူ ရွှေကျောက်ဆောင်နတ်အား ဦးမင်းကျော် အမှတ်နှင့် ထ, ဖက်သည်။ အစ်ကိုစိတ်ဆိုးပြီး မငွေတောင်ကို တောင်ပေါ်မှ

ကန်ချသည်။ တောင်အောက်သို့ ဒလိမ့်ခေါက်ကွေးကျပြီး နတ် ဖြစ်သွားသည်တဲ့။

တောင်ပြုန်းမင်းညီနောင်ထဲက အငယ်ကောင် မင်းကလေးကရော ဘာထူးလို့လဲ။ အရက်သမား၊ သူများ မယားကို ကြံစည်သော မယားခိုး၊ အမေဂျမ်းနတ်ကို ကြည့် ဦးမလို့လား။ သူလည်း မိန်းမအရက်သမား လင်ဖြစ်သူ ကို တက်ခါးထံ ထန်း ရည်အိုးပို့စဉ် အင်းဝမြို့စောင့် တံခါးမှူး နှင့် စကားများသည်။ ဘုရင့် ရှေ့တော်မှောက် ရောက်သွား သည်။ မူးမူးဖြင့် ဘုရင်ကို ထဘီ လှစ်ပြသည်။ ဘုရင် အမျက်တော်ရှ၍ မတော်ရာကို ထမ်းပလက်ပြားနှင့် ရိုက်သတ်ခိုင်းရာမှ သေပြီး နတ်ဖြစ်လာသည်။ အမေဂျမ်း ကို ကိုးကွယ်သော ဈေးသည်များ များများဆဲလေ လာဘ် ရွှင်လေ ဈေးရောင်း ကောင်းကြလေဟု အယူရှိကြသည်။

သစ်သားကို ပန်းပုထုပြီး ဆေးသုတ်ထားသော အရုပ်တွေက လူတွေ၏ ကောင်းကျိုးဆိုးကျိုးကို ဘာ ဆောင်ရွက်ပေး နိုင်သနည်း။ လူကျွေးမှ စားရ၊ လူဆင်မှ ဝတ်ရ၊ လူဆောက်ပေး မှ နေရသော ထိုမိစ္ဆာနတ်များတွင် ဘာတန်ခိုးရှိသနည်း။ အိမ် မီးလောင်သောအခါ မီးမသတ် နိုင် ကိုယ့်အုန်းသီးတောင် ကိုယ်သယ်မပြေးနိုင်သူကို ကိုးကွယ်ရမည့်အစား ရပ်ကွက်အရန် မီး သတ်တပ်ဖွဲ့ကို အားကိုးတာကမှ သဘာဝကျသေးသည်။

အတ္တာဟိ- အတ္တနော- နာထော

ကောဟိ- နာထော- ပရောသိရာ။

ရှင်တော်မြတ်ဘုရားဟောကြားခဲ့သည့် ဗုဒ္ဓ အလို တော်ကျ တကယ့်အစစ်အမှန် အားကိုးရာမှာ မိမိသာ ဖြစ်သည်။ ကိုယ့် ကိုယ်ကို အားကိုးရမည်။ နတ်ကိုးကွယ်မှု နှင့် ပတ်သက်ပြီး ရှင် မဟာသီလဝံသက သံဝေဂခန်းပျို့ အပိုဒ် (၃၅) တွင်. . .

ကာလရှည်လျား လူ့ငနွားတို့ ကြီးမားယုတ်မာ နတ်မိစ္ဆာကို ဘိုးလားဘွားဘက်၊ မြေးသားဆက်၍ မပျက် ခုတိုင် နတ်ခရိုင်နှင့် ပန်းခိုင်ရေအိုး ဆယ်စုံဖြိုး၍ မြတ်နိုး နှစ်သက် အနက်အနီ တလီခေါင်းပေါင်း၊ တင်အုပ်ဆောင်း နှင့် အပေါင်းစုဝေး အမွေးအကြိုင် မုန့်ခိုင်မုန့်ခဲ ကြက်ဝက် လဲ၍ ပုံနှဲခရာ တီးမှုတ်ကာနှင့် ချမ်းသာဆင်းရဲ ပေးစမြဲဟု စိတ်ထဲထင်မှတ် ငါတို့နတ်ကို မပြတ် ကိုးကွယ်. . . (လ) . . . အခမ်းအနား၊ နတ်ထိန်းများနှင့် သောက်စား ဟစ်အော် တကျော်ကျော်နှင့် မောင်တော်ရှင်ချစ် နတ်သံ ပစ်၍ မူးယစ်မှိုင်ဝေ အထွေထွေလျှင်၊ လူ့မြေရပ်ရွာ၊ နတ်မိစ္ဆာကို ကယ်သာထင်မှတ် သဘောကပ်၏ နတ်လူ ပြဟ္မာ သတ္တဝါကို ကံသာအရင်း ပြုဖန်ဆင်းဟု ယူလျဉ်း အပ်စွာ ယခုမှာကား ချမ်း သာဆင်းရဲ နတ်ခပဲသည် ပေးမြဲ တို့မှာ ထင်မှတ်ရာသည် မိစ္ဆာယူမိ ယူမှားတည်း။

သက္ကရာဇ် ၈၅၃ ခုနှစ်တွင် စပ်ဆိုသော သံဝေဂ ခန်းပျို့၌ ရေးသားဆုံးမခဲ့သည်။ ရှင်မဟာရဋ္ဌသာရကလည်း

သက္ကရာဇ် ၈၅၆ခုနှစ်တွင် ရေးစပ်သော ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင်. . .

ရတနာသုံးပါး အမြွတ်ထားမှု များများမယုံ အာရုံနှောင့်နှေး နှစ်ခွတွေးလျက် နာရေးဖျားတာ၊ ရောက်သောခါလဲ၊ ကြမ္မာ ဘုံဟောင်း အိမ်မကောင်းကို မြဲကြောင်းပင့်ကူ ထောက်တိုဟူသား အလှူသီတင်း၊ ဆည်းပူးခြင်းကို စင်းစင်းမပြု နတ်မှုစုန်းရှယ် အကယ်ကယ်သို့ ရယ်ဖွယ်အိုးကြီး မရှက်မသီးဘဲ၊ ကန္နားပွဲနှင့် ဝတ်လဲဖြူနီ၊ ပန်းသီးပန်းနှစ်ဆင်ကာရစ်လျက် လက်နှစ်လက်ဝန်း၊ တဖျင်သန်းတည့် သွမ်းမှန်းမသိ၊ မျက်စိသံလည်၊ နတ်ရူးသည်ဟု မတည်မတံ့၊ လွင့်ပျံ့နှလုံး သူမိုက်ထုံးလည်း၊ စွဲသုံးလေ့လာ၊ မကျင့်ရာသည် မိစ္ဆာယောင်တိ ယောင်တမ်းတည်း။

ဟု ရေးသားဆုံးမခဲ့သည်။ (ရတနာသုံးပါးကိုတော့ များများမယုံ၊ ချော်တွေး၊ ငေါ့တွေး၊ နှစ်ခွတွေးပြီး နာရေးဖျားတာ ရောက်တဲ့အခါမှာဆိုရင်လည်း ကုသိုလ်ကံအကျိုးကို ဆက်ပေးတဲ့သဘောနဲ့ အလှူသီတင်း ဆည်းပူးခြင်းကိုတော့ စင်းစင်းမပြု နတ်လိုလို စုန်းလိုလိုနဲ့ ရူးမိုက်တဲ့ အလေ့အလာ အပြုအမူတွေကို မကျင့်ရဘူး ဒါတွေဟာ ယောင်ကန်းကန်း မိစ္ဆာအလုပ်တွေပါပဲ တဲ့။ အဲဒီစာဆို အရှင်နှစ်ပါးရဲ့ ပျို့ကဗျာတွေနဲ့ နတ်ကိုးကွယ် ယုံကြည်မှုတွေဟာ အပယ်သွားမယ့် မိစ္ဆာအယူဖြစ်ကြောင်း ထင်ရှားပြီး ဖြစ်နေပါပြီ) လို့ စာရေးဆရာကြီး ကြယ်နီက ကိုတံငါ

ဝတ္ထုတိုစုမှ နတ်ကန္နားပွဲဝတ္ထုတိုတွင် ရေးသားခဲ့သည်။

အယူလွဲတဲ့ ငရဲမိစ္ဆာ သစ္စကပရိုဗိုဇ် မလိမ္မာ. . . ”

သီချင်းသံက တဖြည်းဖြည်းဝေးသွားသည်။

အယူလွဲ နေကြသော သစ္စကပရိုဗိုဇ်၏ အဆက်အနွယ်များ ရှိနေကျန်နေ သေးသည်။ ထေရဝါဒသာသနာတော်ကြီး ထွန်းလင်းတောက်ပ နေချိန်တွင် ပုံမဟုတ်၊ ပတ်မဟုတ်၊ နတ်ကိုးကွယ်သော ဂျလေဘီ အလုပ်ကို ဗုဒ္ဓဘာသာဝင်များ ဆင်ခြင်စဉ်းစားနိုင်ကြစေရန် စေတ နာဖြင့် တင်ပြပါသည်။

ဗုဒ္ဓသာသနံ. . . စိရံ. . . တိဋ္ဌတု။

## ကျမ်းကိုးများ

၁။ ရှင်မဟာ သီလဝံသ၏ သံဝေဂခန်းပျို့- ၂။ ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်ဇာတ်ပေါင်းပျို့- ၃။ အမျိုးသားပညာဝန် ဦးဖိုးကျား၏ ၃၇မင်း- ၄။ စာရေးဆရာကြီး ကြယ်နီ၏ နတ်ကန္နားပွဲ ဝတ္ထုတို- ၅။ ဆရာမြင့်၏ နတ်ပေါင်းစုံ- ၆။ ခင်မောင်သန်း (စိတ်ပညာ)၏ ရိုးရာနတ်ယုံကြည်မှုနှင့် ဓလေ့ထုံးစံများ- ၇။ ဦးလှသိန်းထွန်း၏ ဗုဒ္ဓဘာသာဝင်များနှင့် နတ်ကိုးကွယ်မှု ပြဿနာ-

http://myanmarpyithar.net

## အလကားကွေး

အကြောင်းမသိသူများက အသက်သုံးထောင် ဂုရုကွေးကို (ပတ္တမြားကွေး) ဟု ထင်ကြသည်။ ပတ္တမြား ရတနာတန်ဖိုးကြီးသလို ဂုရုကွေးလည်း တန်ဖိုးကြီးမည်ဟု ယုံကြည်ကြသည်။ တကယ် လက်တွေ့တွင်ကား. . . ။

"ဟိုက် ရှာလပတ်ရည်။ အိမ်ရှေ့မြေကွက်လပ်မှာ မြက်တစ်ပင်မှမရှိဘဲ ပြောင်သလင်းခါနေပါလား။ မရှင်း စဖူး၊ အရှင်းထူး ပုံထောက်ရင် မင်္ဂလာမဏ္ဍပ်ဆောက်ပြီး ဂုရုကြီး မင်္ဂလာဆောင် တော့မယ်ထင်တယ်"

ဟာကြျူလီငပျော့မေးလာတော့ ဂုရုကွေး ငါးလိပ် ကျော့က် ပြုံးလေးပြုံးသည်။

"မင်္ဂလာဆောင်မလို့ မဟုတ်ဘူး။ ကန္နားပေးဖို့ အတွက် မြက်ရှင်းထားတာ။ ကန္နားမဏ္ဍပ်ဆောက်မယ်"

"ဗျာ. . . နတ်မယုံတဲ့လူက ကန္တားပေးမယ် ဟုတ်စ"

"အရင်က မယုံပေမယ့် အခု ယုံသွားပြီ။ ငါ့ အမိဋ္ဌာန် တစ်ခု ပြုလိုက်တာအောင် သွားတယ်လေ"

"ဟိုက် ရှာလပတ်ရည်။ အမိဋ္ဌာန် အောင်သွား တယ်။ ဂုရုကြီးအမိဋ္ဌာန်က ဘာအမိဋ္ဌာန်လဲ။ သိန်းတစ်ရာ ဆုကြီးပေါက် ပါစေဆိုတဲ့ အမိဋ္ဌာန်လား"

"နောက်တော့ မင်း သိရမှာပေ့ါ။ ပြောဖို့စောပါ သေးတယ်"

ဟာကြူလီငပျော့ဘယ်လိုနားလည်ရမယ်မှန်းမသိ အောင် နဝေတိမ်တောင် ဖြစ်သွားသည်။ မယုံတုန်းက လည်း သူပဲ။ ယုံမယ့် ယုံတော့ ကန္တားပေးတဲ့အထိ ယုံသွား တာလဲသူပဲ။

"ကန္တားစီးက ဘယ်သူလဲ"

"နတ်ပွဲပေါင်းစုံမှာ စီးကရက် လက်ကြားညှပ်ပြီး တော့ကော့ တော့တော့လိုက်လုပ်နေတဲ့ ဥက္ကလာတုတ်စာ လေ။ ကန္တားတစ်ခုလုံး သူ့အပ်ထားလိုက်ပြီ"

လက်စသတ်တော့ ကန္တားစီးက ဥက္ကလာတုတ်စာ ဆိုပါ လား။ တုတ်စာဆိုသည့်အတိုင်း ကန္တားပေါင်းစုံတွင် နည်းမျိုးစုံဖြင့် လိုက်လူလယ်ကျထားသဖြင့် ရိုက်ချင်သူများ နေသော (တုတ်စာ) ဖြစ်သည်။

"ဂျာနယ်တိုက်တွေ ဖိတ်ဦးမလား"

"အကုန်တော့ မဖိတ်နိုင်ဘူး။ လက်ရွေးစင် လောက်ပဲ ရွေးဖိတ်တယ်။ အများကြီး ဖိတ်လိုက်လို့ တစ်ယောက်ယောက် ဖိနပ်ပျောက်ရင် ငါ လျှော်နေရမှာ။ တော်ကြာ **နတ်မ,လို့ ဖိနပ် ပျောက်ပါတယ်** ဆိုပြီး ငှါကန္နားကို နောက်မှာ ကြောက်တယ်"

"စာရေးဆရာထဲကကော ဖိတ်ဦးမလား"

"တစ်ယောက်စ၊ နှစ်ယောက်စ ဖိတ်ဖို့တော့ ရည်ရွယ် ထားတယ်။ ဒါပေမဲ့ ငှါကန္နားကိုလာရင် မှတ်တမ်းတွေ ရေးပေး ရမယ်. **အီလေးရေ. . . နတ်ကို မမ သဘောကျတယ်။** ဘာကြောင့်ဆို (တောင်ပြုံးက ပေါင်တစ်လုံး) ဆိုတဲ့ နတ်ဝတ္ထုမှာ စာမူခ ဖွတ်ကလိဒင်္ဂါး စို့စို့ပို့ပို့ ရလိုက်လို့ပဲ။ ဘာညာကွိကွ စသည်ဖြင့် ရေးပေးရမယ်"

ဟာကြူလီငပျော့ သံပုရာသီးစားပြီး မန်ကျည်းဖျော်ရည် သောက်လိုက်သလို မျက်နှာရှုံ့မဲ့သွားသည်။ ဂုရုကွေး သတိ မထားလိုက်မိ။

"ဂုရုကြီးဟာ တိုင်းပြည်မှာ လူချစ်လူခင်များတဲ့ စာရေးဆရာကြီး တစ်ယောက်ဆိုတာ ကိုယ့်ကိုယ်ကို သဘောပေါက်ရဲ့ လား"

"ပေါက်တာပေါ့"

"မြန်မာနိုင်ငံဟာ တစ်ကမ္ဘာလုံးမှာ ထေရဝါဒ အထွန်းကားဆုံး နိုင်ငံဆိုတာကော သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ်"

“အဲသလိုနိုင်ငံမှာနေပြီး အဲသလောက် လူချစ်လူခင်များတဲ့ စာရေးဆရာကြီး တစ်ယောက်ဟာ ဘာမဟုတ်တဲ့ နတ်တွေကို ကန္တားပေးတယ်ဆိုတော့ ပရိသတ်က ဘယ်လိုမြင်မလဲ။ အသိဉာဏ် ကြွယ်ဝတဲ့သူတွေက ဂုရုကွေးဟာ အလကားကောင်လို့ မြင်မယ်။ အသိဉာဏ် မကြွယ်ဝသေးတဲ့ လုံမငယ်တွေက ဂုရုကြီးတောင် ကန္တားပေးနေပြီ။ တို့လည်း နတ်ကိုးကွယ်မှုပဲဆိုပြီး ရတနာသုံးပါးကို ဆည်းကပ်ရမယ့်အစား နတ်ကို ဆည်းကပ်တဲ့ နတ်ရူးတွေ ဖြစ်ကုန်မယ်”

“မင်းကို ကိုယ်တော်ကြီး၊ ကိုယ်တော်လေးတို့က ကျားနဲ့ တိုက်တော့မယ်”

“ကျားက တိရစ္ဆာန်ရုံထဲ ရောက်နေတယ်။ ဘယ်ကျားနဲ့ တိုက်မှာလဲ။ ဘီယာဘူးက ကျားလား။ ကျားဘမ်းပရုတ်ဆီက ကျားလား။ စဉ်းစားကြည့်။ ခင်ဗျား သားလောက်တောင် မဟုတ်ဘူး။ မြေးလောက်ပဲ ရှိသေးတဲ့ ဇော်ဝင်းထွဋ်တို့ ဇနီးမောင်နှံက သာသနာ့အာဇာနည် တိပိဋကဓရ ဆရာတော်နဲ့ တိပိဋကကောဝိဒ ဆရာတော်နှစ်ပါးကို သိက္ခာထပ်ပေးချိန်မှာ ခင်ဗျားက ကန္တားပေးဖို့ ပြင်နေတယ်။ ဘယ်လောက်ရှက်စရာကောင်းသလဲ”

ဂုရုကွေးအကြီးအကျယ် စိတ်ဆိုးသွားသည်။ ငပျော့ကို အသံကျယ်ကျယ်ဖြင့် ပြန်အော်သည်။

“မင်း. . . ဘာသိလို့လဲ။ အဓိဋ္ဌာန်အောင်လို့

ပေးမှာကွ။ အားလို့ယားလို့ ထပေးတဲ့ ကန္ဒားမဟုတ်ဘူး။ အမိဋ္ဌာန်အောင်လို့ ပေးမယ့် မဟာကန္ဒား၊ စူပါကန္ဒား၊ ရှယ်ကန္ဒား”

“ခင်ဗျား အမိဋ္ဌာန်က ဘာအမိဋ္ဌာန်မို့လို့လဲ”

ဤတွင် စိတ်ဆိုးနေသော ဂုရုကွေးက သူ့အမိဋ္ဌာန်ကို ဖွင့်ပြောလိုက်သည်။

“ဒီလိုကွ။ ငါ့ခွေးမလေး ကျောမှာဝဲတွေ ပေါက်နေတယ်။ အဲဒီဝဲတွေပျောက်ရင် ကန္ဒားပေးမယ်လို့ အမိဋ္ဌာန်လိုက်တာ မင်း မြင်တဲ့အတိုင်း ငါ့ခွေးမလေးမှာ ဝဲတွေ ပျောက်သွားပြီ”

ဟာကြူလီငပျော့မှာ ပြက်လုံးကောင်းတစ်ခုကို ကြားသည့်အလား။ တဟားဟား အော်ရယ်သည်။ ရယ်တာမှ တော်တော်နှင့် ရပ်မရအောင် ရယ်သည်။ မျက်ရည်ယိုစီးပြီး နှပ်ချေးတွေ တလွှားလွှားထွက်သည်အထိ ရယ်သည်။

“ဟေ့ကောင်. . . ငါပြောတဲ့အထဲမှာ ဘာ ရယ်စရာပါလို့ ဒါလောက် ရယ်ရတာလဲ”

ငပျော့ရယ်ခြင်းကို မနည်းဘရိတ်အုပ်၍ ရပ်လိုက်ပြီး. .

“ခင်ဗျားခွေးမက ကျွန်တော့်ခွေးထီးနဲ့ မေတ္တာရှိနေတယ်။ ခွေးချင်းခုန်ပေါက် ပလူးရင်း ခင်ဗျားခွေးမက ဝဲတွေ ကျွန်တော့် ခွေးထီးကို ကူးမှာစိုးတယ်။ ခင်ဗျားခွေးမ

http://myanmarpyithar.net

ကို ခင်ဗျားမြို့ထဲထွက်နေတုန်း ကျွန်တော် ဝဲဆေးလာလူး ပေးလို့ ဝဲတွေပျောက်သွားတာ။ ဘယ်နတ်၊ ဘယ်မူလီကမှ မ,တာ မဟုတ်ဘူး။ နတ်ထက်အဆ တစ်သိန်းမြတ်တဲ့ ဟာကြျူလီငပျော့ ဆိုတဲ့ ဟောဒီကောင် မ,တာ သဘော ပေါက်"

ဂုရုကွေးမှာ အံ့သြလွန်းသဖြင့် ပါးစပ် အဟောင်း သား ဖြစ်သွားသည်။ ဟိုက်ရှာလပတ်ရည်ပင် မအော်နိုင်။

"ရှင်းပြီမဟုတ်လား။ အဲဒါကို မကျေနပ်သေးလို့ ကန္တား ပေးချင်တယ်ဆိုရင် ပေးကြည့်။ ကန္တားပေးတာကို ဓာတ်ပုံတွေ ဝေဝေဆာဆာ ရိုက်ပြီး ဂျာနယ်ထဲ ထည့်ကြည့်။ ခင်ဗျားစာတွေထက် ခင်ဗျားဟောပြောပွဲနားထောင်ပြီး ချစ်ခင်လေးစားတဲ့ ပရိသတ်က ဘာပြောမယ်ထင်သလဲ။ (ပတ္တမြားကွေး တင်ထားတာ၊ လက်စသတ်တော့ ကန္တား ပေးတဲ့ အလကားကွေးပါလား)လို့"

(အတွဲ -၄၊ အမှတ် - ၁၂၊ ၂၀-၃-၂၀၀၀)

http://myanmarpyithar.net

# လက်ဖက်ခြောက်လေးခပ်ပေးလိုက်တယ်

အလင်းတန်းဂျာနယ်က ဂုရုကွေးကို ခေတ်ကျ နေပုံရ သည်။ မကြာသေးမီက အိတ်ဖွင့်ပေးစာ ခေါင်းစဉ် တပ်ပြီး နတ်ကတော်တို့၏ အမေဂျမ်းလေသံမျိုးဖြင့် ခပ်ကြမ်းကြမ်း ရေးသွား သည်။ ကြမ်းလွန်းသဖြင့် အိတ်ဖွင့် ပေးစာအစား အိတ်ဖွင့်ဆဲစာ ဟု ခေါင်းစဉ်တပ်ဖို့တောင် ကောင်းနေသည်။

နောက်တစ်ခါ လာပြန်ပြီတဲ့ဟေ့။ ဘာမှ ရက် မခြားဘဲ ခုတစ်ခါ လာပြန်ပြီ။ ဒီတစ်ခါတော့ တကယ် မယဉ်ကျေးဘဲ ယဉ်ကျေးချင်ယောင်ဆောင်၍ (စကားပီပါ လျက် တမင်မပီဟန်ဆောင်ထားသော) မနဲ့လေး လေသံမျိုး ဖြင့် ပကျိ၊ ပကျိ လုပ်ထား သည်။ ထိုသို့ ပကျိ၊ ပကျိ လုပ်ရာတွင် ခဲတစ်လုံးဖြင့် ငှက်နှစ်ကောင် သေစေရန်၊

စာမူတစ်ပုဒ်ဖြင့် နာမည်နှစ်ခုသိက္ခာကျစေရန် ဓနုဖြူ ကျော်ထွန်းကိုပါ ဆွဲထည့်ထားသည်။ ဂွတ်ထ၊ ဂွတ်ထ။ ကောင်းလှောင့်တေး၊ ကောင်းလှောင့်တေး။

ဘာတဲ့။ အကြောင်းအရာ တစ်မျိုးတည်းကို နှစ်နေရာ ခွဲရေးထားသည်တဲ့။ သတင်းစုံဂျာနယ်မှ သရုပ်ဖော်ပုံနှင့် မြန်မာ့ ဓနမဂ္ဂဇင်းမှ သရုပ်ဖော်ပုံပါ ပူးတွဲဖော်ပြထားသည်။ စာရေးဆရာကြီးတစ်ယောက်အနေနှင့် ဒီလိုလုပ်တာ ပရိသတ်ကို မလေးစားဘူးဆိုလား၊ ဘာဆိုလား။ ပရိသတ်နှင့် ဂုရုကွေးကို ပါးပါးလွှာလွှာ ရန်တိုက်ပေးထားသည်။

တိုက်စမ်းပါ၊ တိုက်စမ်းပါ။ နာနာတိုက်စမ်းပါဟု အားပေးပါရစေ။ ဂုရုကွေး၏သမိုင်းကြောင်းကို ဤစာဖတ်ပရိသတ် သိသည်။ ရန်တိုက်ပေးသူ၏ သမိုင်းကြောင်းကို ပရိသတ်မသိ။ ဂုရုကွေးကို ဘာရေးချင်သလဲ။ ရေးကြပါ။ လူမုန်းအောင် ရေးမလား။ ရေးသူကို မုန်းမည်။ ဂုရုကွေးကို မုန်းမည်မဟုတ်။ သိက္ခာ ချမလား။ ချကြည့်ပါ။ ချတဲ့သူသာ သိက္ခာကျသွားမည်။ ဂုရုကွေး ကျမည်မဟုတ်။ ဂုရုကွေး၏စာများကို နှစ်ပေါင်းလေးဆယ့်ငါးနှစ် ကျော်ကျော် လစဉ်မပြတ် အားပေးဖတ်ရှုလာခဲ့သော၊ ဆက်လက်၍လည်း ဖတ်ရှုနေသောပရိသတ်က ဂုရုကွေးကို ကောင်းကောင်း နားလည်ပြီးသား။ ကိုယ့်တပ်ကိုယ်လုံသည်။ ကိုယ့်ပရိသတ် ကိုယ်ယုံသည်။ နောက်ထပ်ရေးချင်သေး

သလား၊ ရေးပါ။ များများရေး လေ၊ များများလူချဉ်ခံရလေ။ မယုံလျှင် စမ်းကြည့်ပါ။

မှတ်မိကြပါလိမ့်ဦးမည်။ လွန်ခဲ့သော နှစ် နှစ် ဆယ်ခန့်က မောင်ထော်လေးလမ်း( ယခု ဗိုလ်ဆွန်ပက် လမ်း) ရှိ တေးသံသွင်း တစ်ခုက (အုတ်ခဲသီချင်းများ) ခေါင်းစဉ်ဖြင့် (လောင်စီကွေး) အတုလုပ်ပြီး စီးရီးထွက်ခဲ့ သည်။ အဲသည်တုန်းက ဂုရုကွေး (လောင်စီကွေးကို လုပ်ကြံ မည်) အကြောင်းအရာတစ်မျိုးတည်းကို စာမူအမျိုးပေါင်း လေးဆယ့်ငါးပုဒ်တိတိ ရေးခဲ့သည်။ ပရိသတ်က ဘာ ဝေဖန်ခဲ့သနည်း။

"ကြိုက်တယ်ဗျာ။ အကြောင်းအရာ တစ်မျိုးတည်း ကို ထောင့်ပေါင်းစုံက သုံးသပ်ပြီး လေးဆယ့်ငါးပုဒ်အထိ ရေးနိုင်တဲ့ အတတ်ပညာနဲ့ တင်ပြပုံ တင်ပြနည်းကို နမူနာ ယူရတယ်။ ရေးလည်း ရေးနိုင်တယ်။ ရေးလည်း ရေးတတ် တယ်"

ဝိုင်းဝန်းချီးကျူးခဲ့ကြသည်။ ရသစာပေ တစ်ပုဒ် ဖြစ်လာအောင် ဖန်တီးရသည်မှာ မလွယ်သည်ကို (အတ္တ စာပေ) သမားတွေ ဘယ်လိုလုပ်နားလည်မလဲ။

သတင်းစုံက စာမူနှင့် မြန်မာ့ခနေက စာမူနှစ်ပုဒ်ကို လှည့်ဖတ် လှည့်လေ့လာခြင်းအားဖြင့် တင်ပြပုံ၊ တင်ပြနည်း မျိုးကို လေ့လာနိုင်ပါသည်။ စာရေးလေ့ကျင့်နေသူများ အတွက် အကျိုး ရှိနိုင်ပါသည်။ ဂျာနယ်ပရိသတ်၊ မဂ္ဂဇင်း

ပရိသတ် နှစ်မျိုးဖြစ်နေသည်။ ဂျာနယ်ရော၊ မဂ္ဂဇင်းပါဖတ်သော ပရိသတ်လည်း မရှိမဟုတ်။ ရှိလည်း နည်းသည်။

အလင်းတန်းမှ မနဲ့လေးလေသံ ပကျိပကျိ စာမူရှင်မှာ ဘယ်ကမှန်း မသိရ။ အဆင်ကြည့်ရတာတော့ အယ်ဒီတာထဲ ကလည်း နာမည်တစ်မျိုးနှင့် ရေးသည်ဟု ယူဆရသည်။ ကောင်း ပါသည်။ တမင်မထင်ပေါ်၊ ထင်ပေါ်အောင် ကျွမ်းအမျိုးမျိုးထိုး၊ စတန့်အမျိုးမျိုး လုပ်ပြနေသူအဖို့ ဂုရုကွေးနှစ်နေရာတွင် နှစ်ပုဒ် ရေး၍ နှစ်ခါသိသွားသည်။ သူက ပြန်ပြီး ပကျိပကျိ လုပ်တော့ သုံးခါသိသွားသည်။ တာဝန်အရ ဂုရုကွေး ပြန်ရေးရတော့ လေးခါ သိသွားသည်။ နောက်ထပ် ငါးခါ ဂုရုကွေး ထပ်ရေးလျှင် နဝင်း ကြေကိုးခါ သိသွားမည်။ ဘယ်လိုလဲ။ နဝင်းကြေချင်သလား၊ ရေးပေးမယ်။

ပွဲဆူအောင် လုပ်တာ လွယ်ပါသည်။ ပွဲရှိတဲ့နေရာသွား။ မွှေ့ . . . မွှေ့ . . . မွှေဟုအော်။ ခဏတော့ ပွဲဆူသွားမည်။ မွှေ ဘယ်မလဲ မေးလျှင် ကောက်ညှင်းထုပ်ခွံကို မွှေမှတ်လို့ အော်တာ ပါဟု ဖြေလိုက်။ ဝိုင်း နားရင်းအုပ်ကြမှာ သေချာသည်။ နောက်ထပ် ပွဲဆူနည်း တစ်မျိုးပေးဦးမည်။ ပွဲဆူချင်သလား။ လွယ်ပါတယ်။ ပွဲရှိတဲ့နေရာသွား။ မီးဗျို့ မီး. . . မီး. . . ၊ မီးလောင်နေတယ်ဟု အသံကုန်အော်။ ခဏတော့ ပွဲဆူသွားမည်။ မီးဘယ်မှာလောင်တာလဲ မေးရင် ခင်ဗျားသောက်နေတဲ့ ဆေးလိပ်

http://myanmarpyithar.net

ထိပ်မှာ လောင်နေတာလို့ ဖြေလိုက်။ ဝိုင်းအတီးခံရမှာ ကျိန်းသေ။

ဘာလဲမဟုတ်၊ ညာလဲမဟုတ်၊ ပရမ်းပတာ၊ မရမ်း မဆလာ။ ပွဲဆူအောင်လုပ်သူများ ဝိုင်းအတီးခံတတ်သည် ကို သင်ခန်းစာယူပါ။ သတိထားပါ။

ဆူလျှင် လက်ဖက်ခြောက်ခပ်ပေးရမည့် ဝတ္တရား အရ ဂုရုကွေးလက်ဖက်ခြောက်ကလေး ခပ်ပေးလိုက်ပါ သည်။ ကွမ်းသီးလုံးခန့် တစ်ခါခပ်သာရှိပါသေးသည်။ ဆူလျှင်ခပ်ပေးရန် နောက်ထပ် လက်ဖက်ခြောက်တွေ ဂိုဒေါင်ပေါင်းများစွာ လှောင်ထားပြီး သား အသင့်ရှိသည်ကို သတိပြုပါ။ လက်ဖက်စိုက်ခင်းကြီးတွေ များစွာရှိသေး ကြောင်းကိုပါ ထပ်မံသတိပေးလိုက်ပါရစေ။

**အီကြာကွေး**




http://myanmarpyithar.net

# ကျေးဇူးတင်ပါသည်

ပေးပို့သူ = ကိုဝင်းဍေး

http://myanmarpyithar.net